စာကြည့်တိုက်စာစဉ် (၈၃)



# ဘီးတဲလ်စ်

the key collection

တကြည့်တိုက်စာစဉ် (၈၃)

the key collection press

စာအုပ်မှတ်တမ်း

the key collection ပထမအကြိမ် ဩဂုတ် ၂၀၁၇

ထုတ်ဝေသူ the key collection (၀၀၀၉၅)

ပုံနှိပ်သူ ရွှေပြည်ဖွေး (၀၀၁၅၂)

အုပ်ရေ ၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

စာအုပ်ချုပ် ကိုမြင့်

မျက်နှာဖုံး ပန်းချီ မောင်ဒီ

book designed by mgthantsin

the key collection ၉၂၀

မူရင်းစာအုပ်အမည် Who were The Beatles? by Geoff Edgers

Illustrated by Jeremy Tugeau

ဘီးတဲလ်စ် / the key collection

- - ရန်ကုန်၊ the key collection ၂၀၁၇။

၉၄ စာ၊ ၁၃ x ၂၀ စင်တီမီတာ။

၁။ ဘီးတဲလ်စ်



(၁) ဂျွန် လင်နွန် (၂) ပေါလ် မက်ကာတ်နေး

(၃) ရင်ဂို စတားရ် (၄) ဂျော့ ဟယ်ရစ်ဆင်

(၅) တေးဂီတဝိုင်း တည်ထောင်ခြင်း

(၆) အပည်သစ်၊ အသွင်သစ် (၇) ဘီးတဲလ်စ် ရူးသွပ်မှု ပြဿနာ

(၈) စိတ်ပေါင်းပန်း ဦးတွေ့လာခြင်း (၉) အဆုံးသတ်နိဂုံး၏ အစ

(၁၀) လူတိုင်း တစ်ကိုယ်တော်အဖြစ်သို့

(၁၁) ဝမ်းနည်းကြေကွဲဖွယ် အကောင်းဆုံးနေ့

# ဘီးတဲလ်စ်




စီစဉ်သူ

the key collection

## ခေါင်းစဉ်အညွှန်း


စကားလက်ဆောင် ၉

ဘီးတဲလ်စ် ၁၁

အခန်း ၁

ဂျွန် လင်နွန် ၁၃

အခန်း ၂

ပေါလ် မက္ကာတ်နေး ၂၂

အခန်း ၃

ရင်ဂို စတား ၂၈

အခန်း ၄

ဂျော့ ဟယ်ရစ်ဆင် ၃၃

အခန်း ၅

တေးဂီတဝိုင်း တည်ထောင်ခြင်း ၃၆

အခန်း ၆

အမည်သစ်၊ အသွင်သစ် ၄၄

အခန်း ၇

ဘီးတဲလ်စ် ဖွဲ့စည်းမှု ပြဿနာ ၅၂

အခန်း ၈

စိတ်ဝင်ပန်း ဖြိုးဝေလာခြင်း ၆၁

အခန်း ၉

အဆုံးသတ်နိဂုံး၏ အစ ၇၄

အခန်း ၁၀

လူတိုင်း တစ်ကိုယ်တော်အဖြစ်သို့ ၇၉

အခန်း ၁၁

ဝမ်းနည်းကြေကွဲဖွယ် အကောင်းဆုံးနေ့ ၈၆

## စကားလက်ဆောင်

**the key collection** က စာဖတ်သူများ အထူးသဖြင့် လူငယ်လူရွယ်များ စာဖတ်ဓလေ့ **(Reading Culture)** ဖွံ့ဖြိုးလာရန် အားပေးလိုသည့်အတွက် စာကြည့်တိုက်စာစဉ်ကို စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ၂၁ ရာစု မျက်မှောက်ခေတ်ကို နည်းပညာနှင့် အသိပညာ၊ အတတ်ပညာခေတ်ဟု အမည်ဖွင့်ဆိုထားရာ လူငယ်တစ်ဦးချင်း တစ်ယောက်ချင်းမှ တစ်မျိုးသားလုံး စာဖတ်ဓလေ့ ထွန်းကားရေးကို ရည်ရွယ်လျက် စာအုပ်တိုက် တစ်တိုက်အနေဖြင့် တတ်စွမ်းသရွေ့ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း ထောင်ချီလာခဲ့သည့် လူသားတို့၏ အသိဉာဏ်ပညာ အမွေအနှစ်၊ ယဉ်ကျေးမှု အမွေအနှစ်ကို အထိရောက်ဆုံး ပေးစွမ်းနိုင်သည့် အရာမှာ စာအုပ်စာပေသာ ဖြစ်သည်။ ဆရာဇော်ဂျီ၏ စကားဖြင့် အငှားဆိုရလျှင် စာအုပ်စာပေ စာကြည့်တိုက်တို့သည် လူ့အသိဉာဏ်ပညာ အလုပ်စခန်း **(Workshop)** ဟု ဆိုနိုင်ပါသည်။ မိမိဘဝ တိုးတက်လိုသူတိုင်း အရည်အသွေး ပြည့်ဝလိုသူတိုင်း လူပီသလိုသူတိုင်း စာကို ဖတ်ကို ဖတ်ရမည်သာ ဖြစ်သည်။ စာမဖတ်သော လူမျိုး၊ စာဖတ်ဓလေ့ မထွန်းကားသော နိုင်ငံသည် အရာရာတွင် နောက်ကျ ကျန်ရစ်မည်သာ ဖြစ်သည်။

စာဖတ်ဓလေ့ ထွန်းကားရေးအတွက် **the key collection** က တတ်စွမ်းသရွေ့ ဆောင်ရွက်သည့်အနေဖြင့် **the key collection** စာကြည့်တိုက်စာစဉ်ကို စီစဉ်ဆောင်ရွက်ပါကြောင်း ထပ်မံ စကားဆိုပါရစေ။

**the key collection** စာကြည့်တိုက်စာစဉ်များသည် တစ်ဦးချင်း စာဖတ်ဓလေ့ ဖွံ့ဖြိုးရေး၊ ကိုယ်ပိုင်စာကြည့်တိုက်၊ အခြေခံပညာကျောင်း စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဖတ်ရှုသင့် ဖတ်ရှုထိုက်သည့် စာအုပ်များ ရွေးချယ် စီစဉ် ထုတ်ဝေနိုင်ရန် ကြိုးပမ်းမည် ဖြစ်ပါကြောင်း စာဖတ်သူများအား စကားလက်ဆောင်ပါးပါရစေ။

**the key collection**

အံ့ဖွယ်လေးဦးဟုလည်း လူသိများသည်။ ထင်ပေါ် ကျော်ကြားလွန်းလှပေရာ ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုဟု ပြောလိုက်သည်နှင့်ပင် မည်သူ့အကြောင်း ပြောဆိုနေသည်ကို လူအများက သိရှိထားကြပြီး ဖြစ်သည်။

၁၉၆၀ ပြည့်နှစ် ကာလများက လူငယ်လူရွယ် အများစုတို့နှင့် လုံးဝအသွင်ကွဲထွက်နေကြသူများလည်း ဖြစ်သည်။ ဆံပင်ကိုလည်း အရှည်ထားလေ့ ရှိကြသည်။ ဆံပင်ဖုတ်သိုက်လေးများဟုပင် သတင်းထောက်တို့က ခေါ်ဝေါ်ကြသည်။ အင်္ကျီ လည်ပင်းပေါက်ထိပ်သို့ ရောက်အောင် ၎င်းတို့၏ ဂျာကင်အင်္ကျီများအား ကြယ်သီး တပ်ထားကြသည်။ အင်္ဂလန်နိုင်ငံမှ ဖြစ်ခြင်းကြောင့် ၎င်းတို့၏ လေယူလေသိမ်းများမှာ မတူ ကွဲပြားကြသည်။ သူတို့ကား အင်္ဂလန်နိုင်ငံ လီဗာပူးလ်မှ ဖြစ်သည်။ ဘီးတဲလ်စ်တို့



မတိုင်ခင်ကမူ အကြီးဆုံးသော ပေါ့ပ်ဂီတ ဧည့်ကြယ်ပွင့်တို့မှာ အမေရိကန်များချည်း ဖြစ်သည်။

အားလုံးထဲတွင် အထူးခြားဆုံးမှာ တေးဂီတအနေဖြင့် မှုကွဲထွက်လာခြင်းပင် ဖြစ်သည်။ ရော့ခ်အန်ရိုးလ် တေးဂီတ ဖြစ်သည့်တိုင် ယခင့်ယခင်က မည်သည့်လူငယ်မျှ မကြားဘူးသော တေးဂီတ အမျိုးအစား ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအကြိမ်အဖြစ် ဘီးတဲလ်စ်တို့ လာရောက် ဖျော်ဖြေကြရာ အားကစားရုံကြီးများရှိ ဖျော်ဖြေ တင်ဆက်ပွဲတိုင်း လက်မှတ်များ ရောင်းကုန်သွားခဲ့သည်။ ပရိသတ်တို့မှာ အရူးအမူး ဖြစ်ကုန်ကြသည်။ မိန်းကလေးတို့မှာ သတိလစ် မေ့မြောသွားကြသည်။ ယင်းဖြစ်ရပ်အား 'ဗြိတိသျှတို့၏ ဝင်ရောက် ကျူးကျော်မှုကြီး'ဟု သတင်းစာတို့က ကင်ပွန်းတပ်ကြသည်။

ဘီးတဲလ်စ်တို့သည် အဲလ်ဗစ္စထက်ပင် ပို၍ ကြီးကျယ်လာသည်။ အဲ့ဗွယ်လေးဦးဟု ရေပန်းအစားဆုံး ဖြစ်နေသည့် ကာလတွင် ပြိုကွဲသွားကြသည်။ သို့နှင့်တိုင် နှစ်ပေါင်းလေးဆယ် ကြာညောင်းပြီးနောက် ယနေ့ခေတ်ကာလတိုင် ၎င်းတို့၏ တေးသီချင်းများမှာ တေးသီချင်း အရောင်းစာရင်းများ၌ ထိပ်တန်း ရောက်နေကြဆဲ ဖြစ်သည်။




ဤတေးဂီတဝိုင်းကား မည်သို့သော ပုဂ္ဂိုလ်များပေနည်း။ ဘီးတဲလ်စ်တို့သည် အကြီးကျယ်ဆုံးသော ရော့ခ်ဂီတဝိုင်းတစ်ဝိုင်းပင် ဖြစ်သည်။ ၎င်းတို့၏ ဖြစ်ကြောင်းကုန်စင်အား ဖော်ပြလိုက်ပါသည်။

အခန်း ၁

## ဂျွန် လင်နွန်

ဂျွန် လင်နွန် မွေးဖွားသော ကာလသည် နိုင်ငံအနေဖြင့် ငြိမ်သက် အေးချမ်းမှု လုံးဝမရှိသော ကာလ ဖြစ်သည်။ သူမွေးဖွားသော နေ့ရက်ကား ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက် ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးသည် ဥရောပတစ်ဝန်း၌ သဲကြီးမဲကြီး ဆက်လက် ဖြစ်ပွားလျက် ရှိသည်။ အင်္ဂလန်နိုင်ငံ လီဗာပူးလ်သည်လည်း ဂျာမန်တို့၏ ဆက်တိုက် ဗုံးကြဲ တိုက်ခိုက်ခြင်းကို ခံနေကြသည်။ သို့သော် ဂျွန်လေးကား စောင့်ဆိုင်းခြင်း မပြုနိုင်တော့ပေ။ သူ၏ မိခင် ဂျူလီယာသည် ဆေးရုံသို့ သွားရောက်ကာ နံနက်စောစောစီးစီး မွေးဖွားလိုက်ရတော့သည်။ လောကထဲသို့ သူ ရောက်ရှိလာချိန်တွင် ဗုံးမိုးရွာလျက်ရှိရာ ဆေးရုံနံရံများပင် တုန်ခါလျက် ရှိ၏။





စစ်ကြီး မဖြစ်မီကလည်း လီဗာပူးလ်သည် နေထိုင်၍ မကောင်းသော နေရာတစ်ခု ဖြစ်သည်။ တစ်ချိန်က ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်ခဲ့ပြီး မိုးမပြတ်တမ်း ရွာနေသည့်မြို့ဖြစ်ရာ ပို၍ပင် အားအင် ဆုတ်ယုတ်လာတော့၏။ စက်ရုံပေါင်း မြောက်မြားစွာတို့ ပိတ်သိမ်းလိုက်ရပြီး ကျန်ရှိသော စက်ရုံတို့မှာလည်း အလုပ်မပေးနိုင်ကြချေ။ ဆင်းရဲနွမ်းပါးသော မိသားစုတို့သည် မြို့၏ ဆင်းရဲသားရပ်ကွက်တို့ရှိ လူနေတိုက်ခန်းငယ်များ၌ ပြွတ်သိပ်ကျပ်ညှပ်ကာ နေထိုင်ကြရသည်။

ကနဦးတွင် ဂျွန်သည် မိခင်၊ ဘိုးဘွားတို့နှင့် အတူနေထိုင်ခဲ့ရသည်။ ဂျွန်၏ ဖခင် အဲလ်ဖရက်သည် တစ်နေရာတည်း၌ အတည်တကျ နေထိုင်နိုင်ခြင်း မရှိပေ။ သင်္ဘောတစ်စင်း၌ အလုပ်လုပ်လျက်ရှိခြင်းကြောင့် လပေါင်းများစွာ ကြာမြင့်အောင် ခရီးထွက်ခွာသွားလေ့ ရှိသည်။ ဂျွန်၏ မိခင်ကြီးမှာ သားလေးအတွက် အထောက်အပံ့ပြုရန်အတွက် ငွေကြေး လုံလုံလောက်လောက် ရှာဖွေနိုင်ရန် အခက်အခဲ ကြုံတွေ့နေရသည်။ တစ်နှစ်စွန်းစွန်းအချိန်၌ အဲလ်ဖရက်သည် အိမ်သို့ ချက်လက်မှတ်များ ပေးပို့ခဲ့သည်။ ထို့နောက် ချက်လက်မှတ်များ မရောက်လာတော့ဘဲ အဲလ်ဖရက်ကလည်း စာမရေးတော့ပေ။ ဂျူလီယာသည် ဂျွန်အား တသီးတသန့် သိပ်ရန်ပင် မတတ်နိုင်ရှာပေ။ သူနှင့်အတူသာ အိပ်စက်စေရတော့၏။

အခြေအနေများ ပို၍ ဆိုးရွားလာလေရာ ဂျွန်အား မည်သို့ နေထိုင်စေမည်ဟူသော ပြဿနာရပ်နှင့်ပင် မိသားစု ရင်ဆိုင်လာရသည်။ ဂျူလီယာကလည်း ဂျွန်အား သူနှင့်အတူသာ ထားလိုသည်။ ဂျွန်သည် သူ၏ ရင်သွေးလေး ဖြစ်ခြင်းကြောင့်ပင်။ သို့နှင့်တိုင် ဂျွန်အား ပြုစု စောင့်ရှောက်ဖို့ရာအတွက် ဒုက္ခတွေ့နေရသည်။ ဂျွန်၏ ဒေါ်လေးဖြစ်သူ မီမီက ဂျွန်အား မွေးစားလိုလျက် ရှိသည်။ သူနှင့်အတူထားခြင်းက ဂျွန်အတွက် ပို၍ ကောင်းမွန်သည်ဟုလည်း မီမီက ပြောဆိုခဲ့သည်။ မြို့၏ အခြေအနေ ပိုမိုကောင်းမွန်သည့်အပိုင်းတွင် အိမ်ကြီးရခိုင်ဖြင့် မီမီ နေထိုင်လျက် ရှိ၏။ ဂျွန်၏ ဖခင်ကြီးကလည်း ဂျွန်အား ခေါ်ဆောင်သွားလို၏။ ရက်သတ္တပတ်ကုန်ရက် တစ်ရက်တွင် လီဗာပူးလ် ဆိပ်ကမ်း၌ ကျောက်ချ ရပ်နားလျက်ရှိသော ဖခင်ကြီး၏ သင်္ဘောရှိရာသို့ ဂျွန် သွားရောက် လည်ပတ်ခဲ့သည်။ အသက်ငါးနှစ်အရွယ်မျှသာ ရှိသေးသော ဂျွန်အား စွန့်စား သွားလာလိုပါသလောဟု အဲလ်ဖရက်က မေးမြန်းခဲ့သည်။ ခရီးအတန် ကွာဝေးသော နယူးဇီလန်နိုင်ငံသို့

အတူ ခရီးထွက်ကြရန်ပင် ဖြစ်သည်။ 'လိုက်မှာပေါ့ဗျာ'ဟု ဂျွန်က ပြောဆိုလိုက်သည်။ သူ၏အသံမှာ ပျော်ရွှင် မြူးထူးနေဟန်ပေါက်လျက် ရှိ၏။

ထို့နောက် အဲလ်ဖရက် စီစဉ်နေသည်တို့ကို ဂျူလီယာ သိရှိလာခဲ့သည်။ မိသားစုနှင့် ကင်းကင်းရှင်းရှင်း နေရန်ကိုလည်း ဂျူလီယာက ပြောဆိုလိုက်သည်။ သို့နှင့်တိုင် ဂျွန်အပေါ်၌ များစွာ မျှော်လင့်ထားသော ဂျူလီယာသည် သားအတွက် နေထိုင်စရာ အိမ်ကောင်းကောင်းတစ်လုံး လိုအပ်ကြောင်း သိရှိလာခဲ့၏။ နောက်ဆုံး၌ ဂျွန်အား မိမိထံသို့ ပို့လိုက်ရန် စိတ်ပိုင်းဖြတ်လိုက်တော့သည်။

ယင်းသို့ အမျိုးမျိုးအဖုံဖုံ ကြုံတွေ့နေရစေကာမူ ဂျွန်သည် ပျော်ပျော်ရွှင်ရွှင် နေတတ် ထိုင်တတ်သော ကလေးတစ်ဦး ဖြစ်သည်။ ထိုအချိန်ကာလက ဂျွန်၏ ဓာတ်ပုံများအား ကြည့်လိုက်လျှင် စက်ဘီးစီးနေလျှင် ဖြစ်စေ အိမ်၌ မွေးထားသော ခွေးကြီး ဆယ်လီနှင့်အတူ ရပ်လျက် ဖြစ်စေ ဂျွန်အား ပြုံးပြုံးရွှင်ရွှင် တွေ့မြင်ကြရမြဲ ဖြစ်သည်။ မိမိက ဂျွန်အား စာအုပ် အမြောက်အမြား ပေးထားသည်။ စာအုပ်များ ဖတ်ရှုခြင်းနှင့်အတူ ကြောက်မက်ဖွယ် သတ္တဝါအမျိုးမျိုးနှင့် အရိုးစုပုံများအား စာရွက်ပေါ်၌ ဖန်တီး ရေးဆွဲခြင်းနှင့် စာအုပ်ထဲမှ ရုပ်ပုံတို့အား ကူးဆွဲရခြင်းတို့ကိုလည်း သဘောကျ နှစ်ခြိုက်နေတတ်သည်။





ဂျွန်သည် အသက် ငယ်လွန်းသေးခြင်းကြောင့် အခေါ်နှင့် အတူနေ ထိုင်ရပြီး မိခင်ကြီးက လာရောက် လည်ပတ်တတ်ခြင်းတို့ကို တကယ်တမ်း၌ နားလည် သဘောပေါက်ခြင်း မရှိပေ။ ထို့ပြင် ဂျူလီယာသည် မိခင်တစ်ဦးဆိုသည်ထက် မိတ်ဆွေ သူငယ်ချင်းတစ်ဦးအဖြစ် ပို၍ ဟန်ဆောင်ပန်ဆောင် လုပ်နေခဲ့၏။ ရယ်စရာ ဖတ်စရာ ပြောဆိုခြင်း၊ ရယ်ရွှင်ဖွယ် အပြောင်အပြက် များကိုနာတို့ကို ဖန်တီးပြခြင်းနှင့် တေးသီချင်း သီဆိုပြခြင်းတို့ကို ဂျူလီယာက နှစ်ခြိုက်လှသည်။ ဂစ်တာနှင့် ဓပ်ဆင်ဆင်တူသည့် ဘင်ဂျို တူရိယာ တီးခတ်ပုံကိုလည်း ဂျွန်အား သင်ကြားပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာခဲ့သည့် ဘင်ဂျို တူရိယာပညာရှင် ဘိုးအေကြီး၏ ဓာတ်လမ်းပေါင်း များစွာတို့ကို ဂျူလီယာထံမှ ဂျွန် ကြားနာခဲ့ရသည်။ သူ၏ ပထမဆုံးသော ဂစ်တာအား ပေးအပ်ခဲ့သူမှာလည်း သူ၏ မိခင်ကြီးပင် ဖြစ်သည်။ ဂစ်တာအား မည်သို့မည်ပုံ တီးခတ်ရမည်ကိုလည်း ဂျူလီယာကပင် ဂျွန်အား သင်ကြား ပြသပေးခဲ့သည်။

ဒေါ်လေး မီမီထံ၌ စည်းမျဉ်းစည်းကမ်းပေါင်း မြောက်မြားစွာ ရှိ၏။ ကျောင်းဆင်းသည်နှင့် အိမ်သို့ ပြန်လာပြီး အိမ်စာများ ဆောင်ရွက်ရန် မျှော်မှန်းထားသည်။ အိပ်ရာ စောစောဝင်စေလိုသည်။ တစ်ခါတစ်ရံ၌ အကြောင်းပြချက်ကောင်းတို့သည် ဂျွန်အား စိတ်အနှောင့်အယှက် ဖြစ်စေခဲ့၏။ အသက်အရွယ် အတန်ငယ် ရလာသောအခါ ဂျွန်အတွက် ပို၍ပင် ချောက်ကျရ





တော့သည်။ ဂျွန်သည် ချက်ချာ ပါးနပ်သည့်တိုင် ကြိုးစားပမ်းစား အားထုတ် လုပ်ဆောင်လေ့ မရှိပေ။ အနုပညာအတန်း တစ်ခုတည်းတွင်သာ ကောင်းကောင်းမွန်မွန် လုပ်ဆောင်လေ့ ရှိပေသည်။ ဂျွန်သည် ကဗျာစာအုပ်လေးများနှင့် ပန်းချီစာအုပ်လေးများ ဖန်တီးခြင်းဖြင့်သာ အချိန်ကုန်ဆုံးနေခဲ့သည်။ အခြားသော ကလေးငယ်များနှင့်လည်း ရန်ပွဲဆင်နွှဲလေ့ရှိသည်။ စာသင်ခန်းအတွင်း၌ အနေမှန်သည့် သူ၏ ဆရာ၊ ဆရာမများအားလည်း ရယ်ရွှင်ဖွယ်ဖြစ်အောင် တစ်ခါတစ်ရံ ဖန်တီးလေ့ ရှိသည်။

တစ်ခါတစ်ရံ၌လည်း ဝမ်းနည်း ကြေကွဲလေဟန် ဆောင်နေလေ့ ရှိသည်။ သူ့ အသက်ဆယ့်ရှစ်နှစ် မပြည့်မီ လပိုင်းခန့်အလိုတွင် ဂျူလီယာသည် ကားတိုက်ခံရပြီး ကွယ်လွန်သွားခဲ့၏။ ဂျွန်မှာ ဝမ်းနည်း ကြေကွဲမဆုံး ဖြစ်ခဲ့ရသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးနောက် မိခင်ကြီးအကြောင်းကို 'ဂျူလီယာ' ဟူသော တေးသီချင်းတစ်ပုဒ် ရေးဖွဲ့ သီကုံးခဲ့သည်။

ဆယ်ကျော်သက်အရွယ်တွင် ဂျွန်အနေဖြင့် အလေးအနက်ထားသည့် တစ်ခုတည်းသော ကိစ္စရပ်မှာ တေးဂီတပင် ဖြစ်သည်။ သူ ဆယ့်ငါးနှစ်သားအရွယ်တွင် ရော့ခ်အန်ရိုးလ် တေးဂီတအား ပထမဆုံးအကြိမ်အဖြစ် ကြားသိလာခဲ့ရသည်။ ထိုအချိန် ထိုကာလအထိ ပယ်ရီ ကိုမိုနှင့် ဒေါရစ္စ ဒေး ကဲ့သို့သော ကာလပေါ် တေးသံရှင်တို့ သီဆိုသည့် နူးနူးညံ့ညံ့ တေးဂီတတို့ကိုသာ ရေဒီယိုမှ အများအားဖြင့် နားဆင်ခဲ့ရသည်။ ရော့ခ်ဂီတကား တစ်မူ ထူးခြားလှသည်။ တေးဂီတသံမှာလည်း ကျယ်လောင် စူးရှလှ၏။ နရီစည်းချက်ပြင်းသည့် တေးဂီတမျိုးဖြစ်ရာ ယင်းတေးဂီတနှင့် အတူကခုန်မြူးထူးနိုင်ပေသည်။ သက်ကြီးပိုင်း အဒေါ်များများတို့က ယင်းတေးဂီတအား မုန်းတီးကြသည်။ ဆယ်ကျော်သက်တို့ကမူ နှစ်ခြိုက်ကြ၏။ ရော့ခ်တေးဂီတတွင် စိတ်လှုပ်ရှားဖွယ်ကောင်းသော အဆိုတော်များ ရှိနေပေသည်။

ဂျွန် နှစ်ခြိုက်သော အဆိုတော်မှာ အဲလ်ဗစ် ပရက်စ်လေ ဖြစ်သည်။ အဲလ်ဗစ်သည် မစ္စစ္စပီပြည်နယ် တူပီလိုမှ ဖြစ်၏။ ဆံပင်ထူထူနက်နက်ကို ဆီများ ပြောင်နေအောင်လိမ်း၍ ဖြီးသပ် တင်ထားတတ်သည်။ ရုပ်အင်္ကျီအား ကြယ်သီးမတတ်ဘဲ ဝတ်ဆင်ထားလေ့ရှိရာ ရင်ဘတ်အား ဟင်းလင်းဖွင့်ပြသထားလေ့ ရှိသည်။ သူ၏ ဂျင်းဘောင်းဘီတို့မှာလည်း ကျပ်ထုပ်ထုပ်နိုင်လွန်းလှ၏။ အဲလ်ဗစ်သည် တေးသီချင်း သီဆိုနေစဉ်အတွင်း သူ၏ တင်ပါးအား ယမ်းခါ လှုပ်ရှားနေလေ့ ရှိသည်။ ကောင်မလေးတို့ကား အရူးအမူး ဖြစ်နေကြတော့သည်။ ကောင်လေးများကလည်း သူ့အား လေးစားအားကျနေကြသည်။ သို့သော် သူ့ထံ၌ ဆိုးရွားလှသော အရှိန်အဝါရှိသည်ဟု လူကြီးသူမတို့က ယူဆထားကြသည်။ အဲလ်ဗစ် သီဆိုသည်ကို ရုပ်မြင်သံကြား၌ ထုတ်လွှင့် ပြသသောအခါ သူ၏ ခန္ဓာကိုယ် အပေါ်ပိုင်းကိုသာ ရိုက်ကူးပြသလေ့ ရှိသည်။ ယင်းသို့အားဖြင့် သူက စုန်နေခြင်းကို မည်သူမျှ မတွေ့မြင်ရတော့ပေ။

ဂျွန်သည်လည်း အဲလ်ဗစ်ကဲ့သို့ ဆံပင်ကို ဆီပြောင်ပြောင် လိမ်းသပ်ဖြီးသင်ပြီး သူ့အတိုင်းပင် စတင် ဝတ်စား ဆင်ယင်လာခဲ့သည်။ ဂစ်တာတီးခတ်ရန်လည်း စိတ်ပိုင်းဖြတ်လိုက်၏။ မီမီက သဘောတူ ခွင့်ပြုခြင်း မရှိပေ။ ဂစ်တာ တီးခတ် လေ့ကျင့်ခွင့် မပြုဘဲ စန္ဒရား သို့မဟုတ် တယော လေ့ကျင့်ခန်း တို့ကိုသာ ဂျွန်အား လေ့ကျင့်စေလိုခဲ့သည်။ မည်သို့ပင်ဖြစ်စေ

## အဲလ်ဗစ် ပရက်စ်လေ



မစ္စစ္စပီတွင် မွေးဖွားခဲ့သည့် အဲလ်ဗစ် ပရက်စ်လေသည် ပထမဆုံးသော ကာကယ် ရော့ခ်အဆိုတော်တစ်ဦး ဖြစ်သည်။ အာဖရိကန် – အမေရိကန် ဘလူးစ် တေးဂီတပညာရှင်တို့၏ အသံကို မိမိရရ ဖမ်းဆုပ်နိုင်ခဲ့သော လူဖြူ အဆိုတော် တစ်ဦးလည်း ဖြစ်သည်။ အခြားသော လူဖြူ အဆိုတော်တို့ကလည်း ယင်းနည်းတူ သီဆိုခဲ့ကြသည့်တိုင် အဲလ်ဗစ်သည်သာ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး အဆိုတော် ဖြစ်၏။

အဲလ်ဗစ်သည် သူ၏ ပထမဆုံး တေးသီချင်းဖြစ်သော **'My Happyness'** ကို ၁၉၅၃ ခုနှစ်တွင် အသံသွင်းယူခဲ့သည်။ သူ၏ မိခင်ကြီးအား လက်ဆောင်ပေးရန်အတွက် သူ့ဘာသာသူ စရိတ်ကျခံကာ အသံသွင်းယူခဲ့ခြင်း ဖြစ်သည်။ များမကြာမီတွင် စက်ပစ္စည်းဆိုင် တစ်ဆိုင်၌ အလုပ် လုပ်ကိုင်ခဲ့ပြီး ကုန်တင်ထရပ်ကားလည်း မောင်းခဲ့သေး၏။ နောက်ဆုံး၌ တေးဂီတအား ရှာဖွေ တွေ့ရှိသွားခဲ့သည်။ သူ၏ ပေါက်သော တေးသီချင်းတို့တွင် **'Hound Dog'** နှင့် **'Heartbreak Hotel'** တို့လည်း အပါအဝင် ဖြစ်သည်။

ဝိုင်း၍ လူကြိုက်များ ကျော်ကြားလာရာ ပရိသတ်တို့က အဲလ်ဗစ်အား အမည်ရင်းပင် ခေါ်တွင်ခြင်း မပြုကြတော့ပေ။ ရော့ခ်အန်ရိုးလ် 'ဘုရင်ကြီး' ဟူသာ ခေါ်တွင်လာကြတော့၏။




ဂျွန်ကား ဂစ်တာ အတီးမပျက်ပေ။ ဂျွန်သည် မွေးရာပါ အရည်အချင်းရှိသူ ဖြစ်သည်။ များမကြာမီတွင် သူ၏ ကိုယ်ပိုင် တေးဂီတပိုင်းတစ်ပိုင်းကို ကျောင်း၌ ဖွဲ့စည်း တည်ထောင်လိုက်တော့သည်။ ယင်းတေးဂီတပိုင်းအား ကွာရီမန်းဟု ခေါ်တွင်ခဲ့သည်။

သူ၏ တူရိယာအသစ်နှင့်အတူ အိမ်ထဲသို့ မီမီက ဝင်ခွင့်မပြုပေ။ ဂျွန် အနေဖြင့် ပန်းခြံတွင်း၌သာ လှေကျှင့် တီးခတ်နေရပေသည်။ ‘ဂစ်တာ တီးတာကတော့ ဟုတ်ပါပြီ’ဟု မီမီက ဂျွန်အား ပြောဆိုခဲ့သည်။ ‘ဒါပေမဲ့ ဂစ်တာနဲ့တော့ဖြင့် ဝင်ငွေရအောင် လုံးဝလုပ်နိုင်မှာ မဟုတ်ဘူး’။

အခန်း ၂

## ပေါလ် မက္ကာတ်နေး

ဘီးတဲလ်စ် ပရိသတ်တို့ အနေဖြင့် ပေါလ် မက္ကာတ်နေးအား 'ချစ်စရာကောင်းသူတစ်ဦး' ဟု အမြဲတစေ သိရှိထားခဲ့ကြသည်။ မျက်တောင်ကော့ရှည်ကြီးများရှိပြီး မျက်လုံးညိုကြီးများ ရှိကာ ဆံပင်စုတ်ဖွားဖွားရှိသူ ဖြစ်သည်။ အုပ်စု၏ အချစ်သီချင်း အများစုတို့အား သီဆိုသူ ဖြစ်သည်။ ကလေးအရွယ်ကမှ ပေါလ်သည် ဝဝကစ်ကစ်လေး ဖြစ်၏။ အစ်ကိုဖြစ်သူ မိုက်ကယ်က 'ဖက်တီးလေး' ဟု သူ့အား ခေါ်ဝေါ်လေ့ ရှိသည်။ သူ့အား အနောင့်အယှက်များစွာ မပေးရန် ပေါလ်မှာ အားထုတ်ခဲ့ရသည်။ အသက်အရွယ် ရလာသည်နှင့်အမျှ ကလေးဝတုတ်လေး ဟူသော အမည်ပျောက်ရန် စတင်လုပ်ဆောင်လာခဲ့သည်။



ပေါလ်အား ၁၉၄၂ ခုနှစ် ဇွန်လ ၁၈ ရက်တွင် မွေးဖွားခဲ့သည်။ သူ၏ မိခင်ကြီး မာရီတွင် သီးသန့် ဆေးရုံခန်းတစ်ခန်း ရှိသည်။ ဆင်းရဲနွမ်းပါးကြသော အမျိုးသမီးများသည် အခြားသော ကလေးမိခင် အသစ်စက်စက်တို့နှင့်အတူ အခန်းအား ဝေမျှ သုံးစွဲကြရသည်။ ပေါလ် မက္ကာတ်နေး မိသားစု၌ ငွေကြေးမြောက်မြားစွာ မရှိပေ။ သို့သော် မာရီသည် သူနာပြုဆရာမ တစ်ဦးအဖြစ် လုပ်ကိုင်လျက် ရှိခြင်းကြောင့် ဆေးရုံက သူ့အား မိသားစုကဲ့သို့ ပြုစုစောင့်ရှောက်ပေး၏။



ပေါလ်သည် အတော်ပင် လိမ္မာရေးခြားရှိသော ကလေးတစ်ယောက်ဖြစ်သည်။ အတန်းတွင်း၌ ရမှတ်များလည်း ကောင်းမွန်လှပြီး အထူးသဖြင့် လက်တင်ဘာသာရပ်၌ ရမှတ် ကောင်းမွန်လှ၏။ မိတ်ဆွေ အပေါင်းအသင်း မြောက်မြားစွာ ရှိအောင်လည်း ဖန်တီးနိုင်သူ ဖြစ်သည်။ ပန်းချီရေးဆွဲခြင်းနှင့် စာပေရေးသားခြင်းတို့ကို နှစ်ခြိုက်လှသည်။ ကောင်မလေးများအားလည်း သဘောကျသူဖြစ်ပြီး ပထမဆုံး အနမ်းပေးသည့်ကိုပင် အပေါင်းအသင်းရောင်းရင်း အားလုံးတို့အား လေလုံးထွား ကြွားလုံးထုတ်တတ်သူဖြစ်၏။ သူသည်လည်း တေးဂီတကို နှံ့မင် နှစ်ခြိုက်သူ ဖြစ်သည်။

ရေဒီယိုမှ ပေါ်ထွက်လာသည့် အဲလ်ဗစ္စ ပရက်စလေ၏ သီဆိုသံကို နားထောင်ရင်း ရွှန်ကဲ့သို့ပင် ပေါလ်သည်လည်း မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ သူ၏ တေးသီချင်းကား ကွဲပြား ခြားနားလွန်းလှပေသည်။ လူမည်းအဆိုတော်တစ်ဦးဖြစ်သူ လစ်တဲလ် ရစ်ချတ်အားလည်း ပေါလ်က နှစ်ခြိုက်လှသည်။

အဲလ်ဗစ္စသည် အေးဆေး တည်ငြိမ်ပြီး ရုပ်ရည် ချောမောလှ၏။ သို့သော် လစ်တဲလ် ရစ်ချတ်သည် တောက်တောက်ပပ မိတ်ကပ်များ လိမ်းခြယ်ကာ စင်မြင့်ထက်၌ ခပ်ကြမ်းကြမ်း ပြုမူ လှုပ်ရှားတတ်ပြီး 'Tutti Frutti' နှင့် 'Good Golly, Miss Molly' စသော တေးသီချင်းများအား သီဆိုလေ့ ရှိသည်။ စန္ဒရား တီးခတ်နေရင်း စိတ်လှုပ်ရှားလွန်းလာလျှင်




လစ်တဲလ် ရစ်ချတ်သည် မတ်တတ်ရပ်လျက် တီးခတ်လေ့ ရှိသည်။ တစ်ခါတစ်ရံ၌ စန္ဒရားတီးရာတွင် ထိုင်သော ကုလားထိုင်ကိုပင် ကန်ထုတ်ပစ်လေ့ရှိသည်။

လစ်တဲလ် ရစ်ချတ်၏ ကျယ်ကျယ်လောင်လောင် ဟစ်အော်သံကိုပင် ပေါလ်က တုပ၍ လေ့ကျင့်ထားခဲ့သည်။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးနောက် ယင်းသို့သော အော်ဟစ် သီဆိုသံတို့မှာ ဘီးတဲလ်စ်တို့၏ အကျော်ကြားဆုံးသော တေးသီချင်းများ ဖြစ်ကြသည့် 'She Loves You' နှင့် 'Twist and Shout' တို့ကဲ့သို့သော တေးသီချင်းတို့၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ပေါလ်သည် ရော့ခ်အဆိုတော် တစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်ရခြင်းကိုလည်း နှစ်မြိုက်သူ ဖြစ်သည်။ ဘောင်းဘီကျပ်ကျပ်တို့ကို ဝတ်ဆင်လေ့ရှိပြီး အခြားသော ကလေးများထက်လည်း ဆံပင်ကို ပို၍ ရှည်အောင်ထားလေ့ ရှိသည်။

ပေါလ်အနေဖြင့် ကလေးအရွယ်ကပင် တေးဂီတတို့အား များစွာ နားထောင်ဖြစ်ခဲ့သည်မှာ အံ့အားသင့်ဖွယ် မရှိပါပေ။ သူ၏ ဖခင်ကြီး ဂျင်မ်မှာ စန္ဒရား တီးခတ်သူတစ်ဦးဖြစ်ပြီး ဂျင်မ် မက် ဂျာ့ဇ် တေးဂီတဝိုင်းဟု

ခေါ်တွင်သည့် အုပ်စုတစ်စုကိုပင် ဦးစီးဦးဆောင် လုပ်ခဲ့ဖူးသူ ဖြစ်သည်။ ပေါလ်၏ အခန်းတွင်း၌ပင် ဂျင်မ်က ရေဒီယိုတစ်လုံး တပ်ဆင်ထားပေးရာ တေးဂီတတို့ကို အိပ်မောကျသွားချိန်အထိ နားဆင်နိုင်ခဲ့ပေသည်။ ပေါလ်၏ ဦးလေးကလည်း သူ့အား ထရမ်းပက်တစ်လုံး ပေးခဲ့သည်။ သို့သော် ပေါလ် အနှစ်သက်ဆုံးသော တူရိယာမှာ ဂစ်တာ ဖြစ်၏။ အဘယ်ကြောင့်ပေနည်း။ အဲလ်ဗစ်က ဂစ်တာတီးခတ်လေ့ ရှိခြင်းကြောင့်ပင် ဖြစ်သည်။ ဂစ်တာတို့အား ညာသန်တို့အတွက်သာ ထုတ်လုပ်လေ့ ရှိ၏။ သို့သော် ပေါလ်မှာမူ ဘယ်သန်တစ်ဦး ဖြစ်နေပေသည်။ ထို့ကြောင့် ဂစ်တာအား တီးခတ်ရန်အတွက် ကြိုးများ ထက်အောက် ပြောင်းပြန် ပြောင်းလဲပစ်ခဲ့ရသည်။ ပေါလ်သည် ဂစ်တာအား ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နိုင်သူတစ်ဦး ဖြစ်၏။

'လက်ထဲကို ဂစ်တာတစ်လက် ရောက်လာတာနဲ့ တောက်လျှောက် တီးနေတော့တာပဲ'ဟု ပေါလ်၏ ညီငယ် မိုက်ကယ်က ပြောပြခဲ့ဖူးသည်။ 'အားလုံးကို မေ့လျော့နေတတ်တယ်။ စားရသောက်ရမှန်း မသိတော့သလို ဘာကိုမှလည်း မစဉ်းစားတော့ဘူး'။ အိမ်သာတက်နေချိန်တွင် လည်းကောင်း၊ ရေချိုးကန်အတွင်း စိမ်နေချိန်တို့တွင် လည်းကောင်း ဂစ်တာကို



တီးခတ်နေလေ့ ရှိသည်။ မည်သည့်နေရာတွင် ဖြစ်စေကာမူ ဂစ်တာ တီးခတ်နေလေ့ရှိသည်ဟု မိုက်ကယ်က ပြောပြခဲ့ဖူးသည်။

သူ၏ မိခင်ကြီး နာမျှားမကျန်း ဖြစ်လာချိန်တွင် ပေါလ်သည် တေးဂီတနှင့် ပတ်သက်၍ အလေးအနက် ပိုထားလာခဲ့သည်။ သူ၏ မိခင်ကြီးမှာ ရင်ဘတ်အောင့်သည့် ဝေဒနာကို စတင် ခံစားလာရခြင်း ဖြစ်သည်။

ထိုခေတ်ထိုကာလက လူမမာနှင့် ပတ်သက်၍ မည်သို့သော ဝေဒနာ ခံစားနေရကြောင်းကို အမျိုးမျိုးအဖုံဖုံ စမ်းသပ် စစ်ဆေးနိုင်ခြင်း မရှိသေးပေ။ ဆရာဝန်များက မေရီအား အိမ်သို့ ပြန်ပို့လိုက်သည်ကပင် အမှားအယွင်းကြီးတစ်ခု ဖြစ်နေတော့၏။ ဝေဒနာမှာ သက်သာ ပျောက်ကင်းခြင်း မရှိသောကြောင့် ဆေးရုံ ပြန်တက်ရပြန်ရာ ထိတ်လန့်ဖွယ် သတင်းစကားတို့အား ဆရာဝန်များက ပြောကြားလာကြတော့သည်။ မေရီတွင် ရင်သားကင်ဆာ ဖြစ်ပွားလျက်ရှိပြီး ကာလကြာရှည် နေထိုင်ရတော့မည် မဟုတ်ပေ။ သတင်းစကားတို့အား မေရီ သိရှိရပြီးသည့်နောက် ငိုကြွေးနေခဲ့သည့်တိုင် သူ၏ သားတော်မောင်တို့ကိုမူ ပြောဆိုခြင်း မပြုခဲ့ပေ။ သူ၏ သားများအား စိတ်မာတ် မကျစေလိုပေ။ မေရီသည် ၁၉၅၆ ခုနှစ် အောက်



တိုဘာလ ၁၃ ရက်တွင် ကွယ်လွန်သွားခဲ့၏။ ပေါလ်မှာ အသက်ဆယ့်လေး နှစ်သား အရွယ်သာ ရှိပေသေးသည်။

မိခင်ကြီးအိမ်သို့ ပြန်လာစေရေးအတွက် ပေါလ်သည် ဝတ်ပြု ဆု တောင်းနေခဲ့သည့်တိုင် ပြန်ရောက်လာတော့မည် မဟုတ်ကြောင်းကို သူ သိရှိနေခဲ့သည်။ မိသားစုအနေဖြင့် တစ်နေ့တွင် ထိုသို့ ကြုံတွေ့ရမည်ဖြစ် ကြောင်း တအုံတညြ တွေးတောနေမိသည်။ ဝမ်းနည်း ကြေကွဲနေရသည့် တိုင် ယင်းသို့ ဝမ်းပန်းတနည်း ဖြစ်နေရခြင်းများအား တေးဂီတဘက်သို့ ပြောင်းလဲပစ်လိုက်သည်။ 'I Lost My Little Girl' အမည်ရှိ သူ၏ ပထမ ဆုံးသော တေးသီချင်းအား ရေးစပ် သီကုံးဖြစ်ခဲ့သည်။

အခန်း ၃

## ရင်ဂို စတား၏

ဘီးတဲလ်စ်အဖွဲ့ဝင် အားလုံးတို့တွင် ရင်ဂို၏ ကလေးဘဝမှာ အခက်ခဲ အကြမ်းတမ်းဆုံး ဖြစ်သည်။ ဘီးတဲလ်စ် အဖွဲ့တွင် အသက်အကြီးဆုံး ဖြစ်သည့် ရင်ဂိုအား ၁၉၄၀ ပြည့်နှစ် ဇူလိုင်လ ၇ ရက်တွင် မွေးဖွားခဲ့ပြီး အယ်လ်ဆီနှင့် ရစ်ချတ် စတားကီးတို့၏ တစ်ဦးတည်းသောသား ဖြစ်သည်။ ရင်ဂို သုံးနှစ်သားအရွယ်၌ အိမ်မှ ထွက်သွားခဲ့သော ဖခင်ကြီး မှည့်ခေါ်ခဲ့သည့် အမည်





ဖြစ်ပြီး သူ၏ ဖခင်ကြီးမှာ အိမ်သို့ အလည်အပတ်ပင် လာရောက်ခဲ့လေ၏။ နောက်ပိုင်းတွင် ရစ်ချတ်သည်လည်း ဂီတပညာရှင်တစ်ဦး ဖြစ်လာပေရာ ရင်ဂို စတားရ်ဟု သူ့ဘာသာသူ အမည်ပြောင်းလဲပစ်ခဲ့သည်။ ဓါတ်ပုံတွင်ရသည်မှာ ပိုမိုကောင်းမွန်သည်ဟု အနုပညာရှင်တို့က ယူဆထားကြခြင်းကြောင့် စင်မြင့်ထက်တွင် ဖျော်ဖြေသည့် အမည်အား သီးသန့် ရယူထားကြလေ ရှိ၏။

ရင်ဂို၏ ကလေးဘဝမှာ အထီးကျန်ဆန်လွန်းလှသည်။ အစ်ကို သို့မဟုတ် အစ်မတစ်ယောက် ရှိချင်စိတ်ဖြင့် ပြတင်းပေါက်မှ ငေးမောနေလေ့ရှိသည့် ရင်ဂိုအား အယ်လ်ဆီက ကြည့်၍သာ နေခဲ့ရ၏။ သူ့အသက် ခြောက်နှစ်သား အရွယ်တွင် အခြေအနေ အရပ်ရပ်တို့မှာ ပို၍ ဆိုးရွားလာခဲ့သည်။ ရင်ဂိုတစ်ယောက် နာဖျားမကျန်း ဖြစ်လာခြင်း ဖြစ်၏။ ကိုယ်ခန္ဓာ၏ ယာဘက်ခြမ်းသည် ဆိုးဆိုးရွားရွား နာကျင် ကိုက်ခဲလျက်ရှိပြီး အူအတက်ရောင်ခြင်းပင် ဖြစ်သည်။ အူအတက်ရောင်ခြင်းအား လွယ်လင့်တကူ ကုသနိုင်သည့်တိုင် အပြင်းအထန် ဖျားနာခြင်း မရှိသည်အထိ ဆရာဝန်ထံသို့ သူ့အား ခေါ်ဆောင်သွားရန် မည်သူမျှ စိတ်ကူးမရကြပေ။ ဆေးရုံသို့ အသည်းအသန် ရောက်ရှိသွားသော ရင်ဂိုအား ဆရာဝန်က မေ့ဆေးပေးကာ အူအတက်အား ဖြတ်ထုတ်ပေးလိုက်၏။ သို့သော် ခွဲစိတ်ကုသပြီးသည့်တိုင် ရင်ဂိုကား သတိလည်လာခြင်း မရှိပေ။ သတိလစ် မေ့မြော၍သာ နေ၏။

ရက်သတ္တပတ်ခေါင်း ဆယ်ပတ်ကြာသည့်တိုင် ရင်ဂိုသည် သတိလစ်နေခဲ့၏။ သတိလည်လာချိန်တွင်လည်း နာဖျားမကျန်း ဖြစ်နေဆဲပင်။ သို့နှင့် နာလန်ထသည့်တိုင်အောင် ဆေးရုံ၌သာ တစ်နှစ်တာပတ်လုံး နေထိုင်နေရတော့သည်။

ကျောင်းပြန်တက်ချိန်တွင် ကျောင်းစာတို့အား လိုက်မီရန် အသည်းအသန် အားထုတ်ရတော့၏။ အကောင်းဆုံး ကြိုးစား အားထုတ်ခဲ့ပါသည် ဟု သူ၏ ကျောင်းသား ကိုယ်ရေးမှတ်တမ်းတွင် ဆရာတစ်ဦးက ရေးသား ဖော်ပြခဲ့သည်။ သို့သော် ရင်ဂိုသည် အစမ်းစာမေးပွဲတို့၌ ကျရှုံးမြဲ ကျရှုံးနေခဲ့သည်။ သူ၏ အတန်းဖော်တို့ လုပ်ဆောင်နေသမျှအားလည်း များများစားစား သိရှိခြင်း မရှိပေ။ အခြေအနေ ဆိုးရွားလာပြန်ပြီး နာဖျားမကျန်း ဖြစ်လာပြန်တော့သည်။ ရင်ဂို အသက်ဆယ့်သုံးနှစ် အရွယ်တွင် အအေးမိကာ အခြေအနေများစွာ ဆိုးရွားလာခဲ့ပြန်၏။ အသက်ရှူ ကျပ်လာပြန်ရာ ဆေးရုံသို့ တက်ရောက် ကုသရပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ဆေးရုံ၌ နှစ်နှစ်ကြာခဲ့ပြန်၏။

အိမ်နှင့် ဝေးကွာနေရချိန်တွင် ရလဒ်ကောင်းတစ်ခုတော့ ပေါ်ထွက်လာခဲ့သည်။ ဆေးရုံ၌ပင် ရင်ဂိုသည် ဒရမ်တီးခတ်နည်းကို လေ့လာ သင်ယူခဲ့ခြင်း ဖြစ်၏။ ဆေးရုံတွင် တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် တေးဂီတများ တီးခတ် ဖျော်ဖြေပေးနေသော တေးဂီတဝိုင်းတစ်ဝိုင်း ရှိသည်။ ယင်းသို့



ဖျော်ဖြေပေးခြင်းကို ဆေးရုံတက်နေသော ကလေးငယ်များက ပျော်ရွှင်ဝမ်းမြောက်ကြသည်။ ရင်ဂိုသည် ဒရမ်တီးခတ်သည်ကို အမြဲတစေ စိတ်ဝင်တစား ရှိနေခဲ့၏။ သူကြားရသမျှ တေးသွားတိုင်းအား စည်းချက်လိုက်နေလေ့ ရှိသည်။ ဆေးရုံ၌ သူတီးခတ်ရန်အတွက် ဒရမ်ဆက်တစ်ခု ပေးအပ်ထားရာ ယင်းဒရမ်ဆက်အား ရင်ဂိုက နှစ်ခြိုက်နေမိသည်။




အိမ်သို့ ပြန်ရောက်သောအခါ ကွတ်ကီးမုန့်ထည့်သည့် သတ္တုပုံးများဖြင့် သူ၏ ကိုယ်ပိုင် ဒရမ်ဆက်အား တည်ဆောက်လိုက်တော့၏။ ထင်းရှူးချောင်းငယ်လေးများအားလည်း ဒရမ်တီးခတ်သည့် တုတ်တံလေးများအဖြစ် အသုံးပြုလိုက်သည်။ သူ၏ သူငယ်ချင်းများက ပြင်ပ၌ ဆော့ကစားနေကြချိန်တွင် တေးဂီတသည် သူ့အား ပျော်ရွှင် ချမ်းမြေ့စေလျက် ရှိသည်။ စာသင်ခန်း ပြင်ပတွင် ရောက်ရှိနေပြီကိုလည်း မည်သို့မျှ မခံစားရတော့ပေ။ သူ အသက်ဆယ့်ငါးနှစ်သားအရွယ်တွင် ကျောင်းမှ အပြီးတိုင် ထွက်ပစ်လိုက်တော့သည်။ သို့သော် ကျောင်းထွက်လိုက်ရသည်မှာ ပြဿနာ မရှိပေ။ သူ၏ ဒရမ်တီးခတ်မှု စွမ်းရည်မှာ အမှန်တကယ်ပင် ကောင်းမွန်နေပေပြီ။

ကျောင်းတက်ခြင်း မပြုရတော့သောကြောင့် ရင်ဂိုသည် အလုပ်တစ်ခုကို ရှာဖွေရတော့သည်။ သတင်းစကားများ အပို့အယူ လုပ်ပေးရသည့် ယာဉ်တစ်စီးတွင် အလုပ် လုပ်ကိုင်ခဲ့သည်။ (ထိုစဉ်ကာလက ဆဲလ်ဖုန်းများ မပေါ်သေးပေ) သင်္ဘောတစ်စင်းပေါ်၌ သောက်စရာများ တည်ခင်းပေးသည့် အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ရေများ စီးဆင်းသွားစေရန်အတွက် ပိုက်များ ဆက်ပေးရသည့် အလုပ်ကိုလည်း လုပ်ကိုင်ခဲ့သည်။ ငွေကြေး အလုံအလောက် ရရှိသည့်တိုင် ဘဝတွင် ထို့ထက်မက လိုအပ်နေသေးကြောင်း ရင်ဂို သိရှိထားခဲ့သည်။ သူ ပျော်မွေ့ခြင်း မရှိပေ။

ရင်ဂို ဆယ့်ရှစ်နှစ်ပြည့်ချိန်တွင် တကယ့် ဒရမ်ဆက်တစ်ခုကို သူ၏ မိခင်ကြီးက ဝယ်ပေးခဲ့သည်။ မိခင်ကြီး ဝယ်ယူပေးသမျှ လက်ဆောင်တို့တွင် အကောင်းဆုံး လက်ဆောင်ပစ္စည်းတစ်ခုလည်း ဖြစ်သည်။ ဒရမ်မှ သံမှန်စည်းချက် ထွက်လာရန် လေ့ကျင့်တော့၏။ ဒရမ်တုတ်တံဖြင့် တီးခတ်လိုက်သည်နှင့် လင်းကွင်းသံ သီးသန့် ထွက်ပေါ်လာအောင်လည်း ဖန်



တီးခဲ့သည်။ တီးဝိုင်းတစ်ဝိုင်းအားလည်း ဖွဲ့စည်း တည်ထောင်လိုက်၏။ တီးဝိုင်းအား အက်ဒီ ကလေတန် စကာစ်ဖ်ဖဲလ် အုပ်စုဟု ခေါ်တွင်လိုက်သည်။ ဝိုက်ပြင်ဝိုက်ဆက် အလုပ်သမားတို့ အနားယူချိန်တွင် အဓိက တီးခတ် ဖျော်ဖြေကြသည်။ ရင်ဂိုမှာ ကျေနပ်လျက် ရှိသည်။ သူသည် ငွေကြေး ချမ်းသာကြွယ်ဝရန် မလိုအပ်သကဲ့သို့ ထင်ပေါ် ကျော်ကြားရန်လည်း လိုအပ်သူ မဟုတ်ပေ။ တီးဝိုင်းလေးတစ်ဝိုင်း တည်ထောင်ထားရသည်ကပင် လုံလောက်နေပေပြီ။

အခန်း ၄


## ဂျော့ ဟယ်ရစ်ဆင်

ဂျော့ ဟယ်ရီဆင်သည် ဘီးတဲလ်စ်တို့အနက် ပျော်ရွှင်ဖွယ် အကောင်းဆုံးသော ကလေးဘဝကို ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။ ပေါလ်နှင့် ဂျွန်တို့ ကဲ့သို့ မိခင်ဆုံးရှုံးသွားရသဖြင့် ဝမ်းနည်း ကြေကွဲရခြင်းမျိုးလည်း မရှိပေ။ ရင်ဂိုကဲ့သို့လည်း နာဖျားမကျန်း မဖြစ်ခဲ့ဖူးပေ။

သူသည် မွေးချင်းလေးဦး၌ အငယ်ဆုံး ဖြစ်သည်။ ဘီးတဲလ်စ် အဖွဲ့ဝင်များအနက် အသက်အရွယ် အငယ်ဆုံးဖြစ်ပြီး ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် မွေးဖွားခဲ့သည်။ သူ၏ ဖခင်ကြီး ဟာရိုးမှာ ဘတ်စကားယာဉ်မောင်းတစ်ဦး ဖြစ်၏။ မိခင်ကြီး လူးဝစ္စမှာ အနောက်တိုင်း အစဉ်အလာ စုံတွဲအကကို သင်ကြား ပြသပေးနေသူ ဖြစ်သည်။ သို့သော် ဂျော့လေးမှာ ကခုန်ခြင်းအား စိတ်ဝင်တစား မရှိလှပေ။ ထို့ပြင် တေးဂီတအားလည်း စိတ်ပါဝင်စားခြင်း မရှိပေ။ သူကား လူအေးလေးတစ်ဦးပင် ဖြစ်၏။

အရွယ်ရောက်လာသောအခါ အခြားသော ကလေးငယ်များကသရော် လှောင်ပြောင်ကြသည့်တိုင် ဘောင်းဘီကျပ်ကျပ်တို့ကို ဝတ်ဆင်ကာ ဆံပင်ရှည်ရှည်ထားလေ့ ရှိသည်။ သူ၏ ဖခင်ကြီး အသုံးပြုသော ကတ်ကြေးတို့သည် ထက်မြခြင်း မရှိဘဲ ကိုက်ညှပ်လိုက်တိုင်း နာကျင်လှခြင်းကြောင့် ဆံပင်ရှည်ရှည်ထားခြင်း ဖြစ်သည်ဟု ဂျော့က ပြောဆိုလေ့ ရှိသည်။ သို့သော် ယင်းသို့ ပြောဆိုခြင်းမှာ မမှန်ပေ။ ဆံပင်ရှည်ရှည်ထားရခြင်းကို နှစ်ခြိုက်ခြင်းကြောင့်သာ ဖြစ်ပေသည်။

သူဆယ့်လေးနှစ်သား အရွယ်ရောက်မှသာ တေးဂီတသည် သူ့ဘဝထဲသို့ ရောက်ရှိလာတော့၏။ လွန်နီ ဒွန်ဂန် အမည်ရှိ ဗြိတိသျှ အဆိုတော်တစ်ဦး၏ တေးသီချင်းအား ကြားလိုက်ရချိန်တွင် ဖြစ်သည်။ တီးခတ်မှု



မြန်ဆန် သွက်လက်သည့်တိုင် လွှန်နီ ဒွန်ဂန်၏ တီးခတ်သော တေးဂီတမှာ ရောခ်အန်ရိုးလ် တေးဂီတသာ ဖြစ်သည်။ ယင်းတေးဂီတသစ်အား 'စကစ်ဖ်ဖဲလ်'ဟု ခေါ်တွင်ကြသည်။ ယင်းတေးဂီတသံကို ဂျော့ နှစ်မြိုက်သွားပြီး ဂစ်တာတစ်လက် ဝယ်ယူရန် မိခင်ကြီးထံမှ ငွေကြေး တောင်းခံတော့၏။ နောက်ဆုံး၌ မိခင်ကြီးနှင့် သဘောတူညီချက် ရရှိပြီး ငါးဒေါ်လာဖြင့် ဂစ်တာတစ်လက် ဝယ်ယူခဲ့သည်။

ဂျော့သည် ဂစ်တာတီးခတ်သည်ကို ကိုယ့်ဘာသာကိုယ် လေ့လာသင်ယူခဲ့၏။ အချိန်ပေါင်းများစွာ လေ့ကျင့်နေခဲ့ရာ သူ၏ လက်ချောင်းထိပ်လေးများမှ သွေးများ ယိုစီး ကျဆင်းလာသည်အထိပင် ဖြစ်၏။ နောက်ဆုံးတွင် ဂျော့သည် ဂစ်တာ တီးခတ်သည်နှင့် အသားကျလာတော့၏။ များမကြာမီတွင် ပို၍ ကောင်းမွန်သော ဂစ်တာတစ်လက်အား လိုချင်လာမိသည်။ လျှပ်စစ်ဂစ်တာတစ်လက်ပင် ဖြစ်သည်။ ပလပ်ထိုး၍ တီးခတ်ရပြီး စပီကာအား ဖြတ်သန်းကာ အသံထွက်လာခြင်းကြောင့် လျှပ်စစ်ဂစ်တာက အသံ

ပို၍ကျယ်သည်။ လျှပ်စစ်ဂစ်တာ တန်ဖိုးမှာ ဒေါ်လာခြောက်ဆယ် ဖြစ်သည့်တိုင် မိခင်ကြီးက သူ့အတွက် ဝယ်ယူပေးခဲ့သည်။

များမကြာမီတွင် ဂျော့သည် သူ၏ အစ်ကိုကြီးတစ်ဦးဖြစ်သူ ပီတာနှင့်အတူ တေးဂီတဝိုင်း တစ်ဝိုင်းကို ဖွဲ့စည်း တည်ထောင်လိုက်၏။ 'သူပုန်များ' ဟု အမည်ပေးထားကြပြီး လီဗာပူးလ်ရှိ ကလပ်တစ်ခု၌ ပထမဆုံးပွဲကို တီးခတ် ဖျော်ဖြေခဲ့ကြသည်။ များမကြာမီတွင် ဂျော့သည် ဘတ်စကားတစ်စီးပေါ်၌ ပေါလ်နှင့် ဆုံတွေ့ခဲ့ရ၏။ တေးဂီတ အကြောင်းတို့ကို စတင် ပြောဆိုမိကြပြီး ၎င်းတို့နှစ်ဦး၌ အတော်များများ တူညီမှု ရှိနေကြကြောင်းကို နားလည် သဘောပေါက်သွားကြ၏။ တေးဂီတအား အတူတကွ တီးခတ် လေ့ကျင့်ကြရန် ဂျော့၏ အိမ်၌ စတင် တွေ့ဆုံခဲ့ကြသည်။

ပေါလ်သည် တေးသီချင်း သီဆိုရခြင်းကို နှစ်ခြိုက်လှပြီး ဂျော့ကား ဂစ်တာ တီးခတ်ရခြင်းကိုသာ ပို၍ စိတ်ဝင်တစား ရှိပေသည်။ တကယ်တမ်း၌လည်း ဂျော့သည် လူထုပရိသတ် ရှေ့မှောက်၌ တေးသီချင်း သီဆိုရခြင်းကို ကြောက်လန့်လွန်းလှသူ ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးနောက် ဂျော့သည် 'ငြိမ်ငြိမ်သက်သက် နေတတ်သော ဘီးတဲလ်စ်' ဟု လူသိများလာခဲ့သည်။



အခန်း ၅

## တေးဂီတဝိုင်း တည်ထောင်ခြင်း

ဘီးတဲလ်စ်တို့ ကြီးပြင်းလာကြချိန်တွင် အမ်တီဗွီ မရှိသေးသကဲ့သို့ အိုင်ကျူးန်လည်း ပေါ်ပေါက်ခြင်း မရှိသေးပေ။ ရော့ခ်အန်ရိုးလ် တေးဂီတအား တီးခတ် ထုတ်လွှင့်သည့် ရေဒီယို အသံလွှင့်ဌာနဟူ၍လည်း တစ်ခုတလေမျှ မရှိသေးပေ။ ဘီးတဲလ်စ်တို့ ငယ်ရွယ်စဉ်ကာလက ရော့ခ်အန်ရိုးလ် တေးဂီတလည်း မရှိသေးပေ။



အမေရိကန်ပြည်ထောင်စု၌မူ ရော့ခ်နှင့် စွမ်းပကား တူညီသော တေးဂီတဟန်တစ်မျိုး ရှိနေပေသည်။ 'ရစ်သမ် အန် ဘလူးစ်' ဟု ခေါ်တွင်သော တေးဂီတပင် ဖြစ်၏။ ယင်းတေးဂီတအား လူမည်းတို့က တီထွင် ဖန်တီးထားကြခြင်း ဖြစ်သည်။ သို့သော် ၁၉၅၀ ပြည့်နှစ်တို့၏ အစောပိုင်းကာလတွင် ခေတ်စားသော တေးသီချင်းတို့အား လွှင့်ထုတ် တင်ဆက်ပေးနေကြသူတို့ကလည်း ယင်းတေးဂီတအား ထုတ်လွှင့်ပေးကြခြင်း မရှိပေ။ ထို့ကြောင့် အင်္ဂလန်ရှိ လူငယ်လေးဦးတို့အတွက် ရော့ခ် အန်ရိုးလ် ဖြစ်လာမည့် တေးဂီတအား နားဆင်ရန် အခွင့်အလမ်း မရှိခဲ့ပေ။




'ဘာဘာယ်လ်ဂမ်း ပေါ့ပ်'ဟု ခေါ်တွင်လာကြသည့် လူဖြူတို့ တင်ဆက်သော တေးဂီတမျိုးတို့ကိုသာ နားဆင်ခဲ့ကြရသည်။ ယင်းတေးဂီတသည်ပင်လျှင် အမေရိကန်ပြည်ထောင်စုမှ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ အန္တရာယ်ကင်း ဘေးရှင်းစွာ ပျော်ပျော်ရွှင်ရွှင် သီဆိုနိုင်သော တေးသီချင်းများဖြစ်ပြီး လူယဉ်လင့်တကူ သီကျူးနိုင်သော တေးသီချင်းများလည်း ဖြစ်၏။ လူကြီးသူမတို့ကား ယင်းတေးသီချင်းများအား နှစ်ခြိုက်ကြ၏။ 'How Much Is That Doggie in the Window?' တေးသီချင်းမှာ ၁၉၅၃ ခုနှစ်အတွင်းက အကြီးအကျယ် အောင်မြင်သော တေးတစ်ပုဒ် ဖြစ်သည်။ လူကြီးသူမတို့မှာ ယင်းတေးသီချင်းနှင့် ပတ်သက်၍ စိတ်ကသိကအောက် မဖြစ်ကြပေ။ သို့သော် ၁၉၅၀ ပြည့်နှစ်တို့၏ နှစ်လည်ပိုင်း၌မူ ရစ်သမ် အန် ဘလူးစ် တေးဂီတအား ပျော်ဖြေ တင်ဆက်ရန်အတွက် လူဖြူ အဆိုတော်တို့အား တေးဂီတ ကုမ္ပဏီများက စတင် တောင်းဆိုလာခဲ့ကြသည်။ ထိုအချိန် ထိုကာလမှ စတင်၍ ရော့ခ်အန်ရိုးလ် တေးဂီတသည်လည်း စတင်မွေးဖွားလာတော့၏။

ပထမဆုံးသော ရော့ခ်တေးဂီတ လူကြိုက်များသွားခဲ့သည်မှာ ဘီလ်ဟာလေဟူသော ပုဂ္ဂိုလ်ကြောင့် ဖြစ်သည်။ သူ၏ တေးသီချင်းမှာ 'Rock Around the Clock' ဖြစ်သည်။ သီဆိုကခုန်နိုင်ခြင်းကြောင့် လူငယ်များက နှစ်ခြိုက်ကြသည့် တေးသီချင်း ဖြစ်သည်။ ထို့ပြင် ထိုခေတ်ထိုကာလ

## ရစ်သမ် အန် ဘလူးစ်

ရော့ခ်အန်ရိုးလ် တေးဂီတ မပေါ်ပေါက်မီ 'ရစ်သမ် အန် ဘလူးစ်' တေးဂီတ ပေါ်ပေါက်လာသည်။ ၁၉၅၀ ပြည့်နှစ်များက ဖန်တီးခဲ့ကြသော ရော့ခ် တေးဂီတသည် ကာလဝ်များ၌ နှစ်ပေါင်းများစွာ တီးခတ် သီဆိုခဲ့ကြသော ရစ်သမ် အန် ဘလူးစ် တေးဂီတနှင့် ဆင်ဆင်တူပေသည်။ ရစ်သမ် အန် ဘလူးစ် တေးဂီတအား အာဖရိကန် - အမေရိကန်တို့က ဖန်တီးခဲ့ခြင်းသည် သာ ကွဲပြားမှု ရှိသည်။ ဤသို့သော လူမည်းအဆိုတော်တို့သည် ကျေး လက် တေးဂီတ၊ ဘလူးစ် သို့မဟုတ် ဘာစ်ဂ်ဘာနီး တေးဂီတတို့ဖြင့်လည်း တေးသီချင်းများ ရေးစပ် သီကုံးခဲ့ကြပြီး ကခုန်ရန်အတွက် အဓိကထား ဖန်တီးခဲ့ကြခြင်းလည်း ဖြစ်သည်။



RAY CHARLES

ဝမ်းနည်း ကြေကွဲဖွယ်ကောင်းသည်မှာ ပြည်တွင်းစစ်ကြီး ပြီးဆုံးပြီး နောက်နှစ်ပေါင်း တစ်ရာကာလ ကြာသည့်တိုင် အမေရိကရှိ လူမည်းတို့မှာ တန်းတူညီမျှ ဆက်ဆံခြင်း မခံကြရပေ။ ရစ်သမ် အန် ဘလူးစ် အဆိုတော်တို့သည် ကလပ်များ၌သာ တီးခတ် သီဆိုနိုင်ကြ၏။ ၎င်းတို့၏ တေးသီချင်းများအား ရေဒီယိုမှ ထုတ်လွှင့်နိုင်ခြင်းလည်း မရှိကြပေ။ တေးဂီတကုမ္ပဏီတို့မှာ စိတ်ကူးစိတ်သန်းတစ်ခု ရရှိလာခဲ့ကြ၏။ လူမည်းတို့၏ တေးသီချင်းများအား လူဖြူအဆိုတော်တို့ဖြင့် အသံသွင်းယူလျှင် မည်သို့ဖြစ်မည်နည်းဟူသော စိတ်ကူးပင် ဖြစ်သည်။ မျှတမှု မရှိသည့်တိုင် အလုပ်ဖြစ်ခဲ့ကြ၏။ ရွိုင်း ဘရောင်း၏ 'Good Rockin' Tonight'၊ ဘီလ်ဟာလီ၏ 'Big Joe' နှင့် တာနာ၏ 'Shake, Rattle & Roll' စသည့် တေးသီချင်းများအား အဲလ်ဗစ် ပရက်စ်လေက သီဆိုခဲ့သည်။

ရော့ခ်အန်ရိုးလ် တေးဂီတ ပေါက်ဖွားလာသည်။ လူမည်း ရော့ခ်တေးဂီတအတွက် ၁၉၅၀ ပြည့်နှစ်တို့၏ နှောင်းပိုင်းကာလတွင် လူမည်းတေးဂီတအဖွဲ့များ၏ တေးသီချင်းများအား ထုတ်လုပ်ရန် မိုတောင်း အမည်ရှိ လူမည်း ဓာတ်ပြားကုမ္ပဏီတစ်ခု စတင် ဖြစ်ထွန်းလာခဲ့သည်။ စူပရင်းနှင့် တန့်ပ်တေးရှင်းတို့ ကဲ့သို့သော အချို့ တေးဂီတအဖွဲ့များ ထင်ပေါ်ကျော်ကြားလာခဲ့သည်။ မိုတောင်းမှ ဓာတ်ပြားတို့ကို နိုင်ငံတစ်ဝန်းရှိ ရေဒီယို အသံလွှင့်ဌာန အသီးသီးမှ ထုတ်လွှင့်ခဲ့ကြပြီး အဆိုတော်ပေါင်း များစွာတို့အား မိုတောင်းမှ မွေးထုတ်ပေးနိုင်ခဲ့သည်။

က လူကြိုက်များသော 'Blackboard Jungle' ရုပ်ရှင်ဇာတ်ကား၌လည်း ယင်းတေးသီချင်းအား ထည့်သွင်း အသုံးပြုခဲ့သည်။ ထို့နောက် အဲလ်ဗစ္စ ပရက်စ်လေ ပေါ်ထွက်လာသည်။ ဂျွန်နှင့် ပေါလ် အပါအဝင် လူတိုင်းလိုလိုက အဲလ်ဗစ္စအား နှစ်ခြိုက် သဘောကျသွားတော့၏။

ဂျွန်၏ တေးဂီတဝိုင်းဖြစ်သော ကွာရီမန်းမှာ သူ၏ စာသင်ကျောင်းအမည် ကွာရီ ဘင့်ခ်မှ ရယူထားခြင်း ဖြစ်သည်။ ကွာရီမန်းတို့သည် ၎င်းတို့၏ ပထမဆုံးသော ဖျော်ဖြေတင်ဆက်မှုကို ၁၉၅၇ ခုနှစ် နွေဦး၌ စတင်ခဲ့ကြ၏။ ဒေသတွင်းရှိ ဘုရားရှိခိုးကျောင်း တစ်ကျောင်း၌ ဂျွန်၏ တေးဂီတဝိုင်း ဖျော်ဖြေ တင်ဆက်သည်ကို ပေါလ် တွေ့မြင်ခဲ့ရသည်။




ထိုနေ့မှာ နွေးထွေးသော နွေရာသီရက်တစ်ရက် ဖြစ်သည်။ ဂျွန်သည် စင်မြင့်ထက်၌ ရပ်ကာ သူ၏ ဂစ်တာဖြင့် တေးသီချင်းတစ်ပုဒ်ကို တီးခတ် သီဆိုလျက် ရှိ၏။ သူ နားဆင်လျက်ရှိသည်ကို ပေါလ်တစ်ယောက် အလွန်အမင်း သဘောတွေ့လျက် ရှိ၏။ ဖျော်ဖြေပွဲပြီးသည်နှင့် ဂျွန်ထံသို့ သွားရောက်ကာ သူသည်လည်း တေးဂီတတီးခတ်သူဖြစ်ကြောင်း ပြောဆိုလိုက်သည်။ ထို့နောက် ဂစ်တာတစ်လက်ကို ဆွဲယူလိုက်ကာ တေးသီချင်းတစ်ပုဒ် တီးခတ်ရင်း သက်သေထူလိုက်၏။ သူ နားဆင်လိုက်ရသည်ကို ဂျွန်ကလည်း သဘောတွေ့လျက် ရှိသည်။ ပေါလ်အား ပရိသတ်တို့က ပို၍ သဘော ကျသွားမည်ကို စိုးရိမ် ပူပန်မိသည့်တိုင် သူ၏ တေးဂီတဝိုင်း၌ တီးခတ်ပါရန် ဂျွန်က မေးမြန်းလိုမိ၏။ သို့သော် ပေါလ်သည် ဂီတဝိုင်းအတွက် အထောက်အကူ ဖြစ်လိမ့်မည်ဟုလည်း ဂျွန်က စိတ်ပိုင်းဖြတ်လိုက်သည်။ ၎င်းတို့နှစ်ဦး အတူတွဲဖက် ဖျော်ဖြေသည့် ပထမဆုံးပွဲကို အောက်တိုဘာလတွင် ကျင်းပခဲ့ကြသည်။ ဖျော်ဖြေပွဲ ပြီးသည့်နောက် မိခင်ကြီး ကွယ်လွန်စဉ်က ရေးဖွဲ့ခဲ့သည့် တေးသီချင်းတစ်ပုဒ်ကို ပေါလ်က ဂျွန်အား ပြသခဲ့သည်။ ဂျွန်ကလည်း အိမ်ပြန်ရောက်သည်နှင့် 'Hello, Little Girl' အမည်ရှိ သူ၏ ကိုယ်ပိုင် တေးသီချင်းတစ်ပုဒ်ကို ရေးစပ် သီကုံးလိုက်သည်။



ထိုနှစ် ဆောင်းရာသီ နှောင်းပိုင်းကာလတွင် ဂျွန်နှင့် ဆုံတွေ့ရန် အတွက် သူ၏ မိတ်ဆွေသစ် ကျောင်းသား ပေါလ်က ခေါ်ဆောင်လာခဲ့သည်။ ထိုစဉ်က ကျောင်းသား အသက်ဆယ့်ငါးနှစ်သာ ရှိသေးသည်။ တေးဂီတဝိုင်း အတွက် အသက်အရွယ် ငယ်လွန်းလှသည်ဟု ဂျွန်က ယူဆခဲ့သည်။ ဂျွန် ကား အသက်ဆယ့်ရှစ်နှစ် ရှိပေပြီ။ သို့သော် ကျောင်းသား အဖွဲ့ဝင်ခွင့်ပြုရန် ပေါလ်က ဂျွန်အား စည်းရုံးခဲ့သည်။ ယခုဆိုလျှင် ၎င်းတို့အဖွဲ့၌ ဒရမ်တီး ခတ်သူတစ်ဦးသာ လိုအပ်တော့၏။

ကနဦး၌ ကိုလင်း အမည်ရှိ ဒရမ်တီးခတ်သူ တစ်ဦးအား တွေ့ရှိခဲ့ ကြသည်။ သို့သော် ဂျွန်နှင့် ပေါလ် တို့နှင့် စကားအငြင်းအခုံ ဖြစ်ကာ နုတ်ထွက်သွားခဲ့သည်။ ဒုတိယမြောက် ဒရမ်တီးခတ်သူမှာ တော်မီ မိုးရဲ ဖြစ်သည်။ သူ၏ ရည်းစားဖြစ်သူက ငွေကြေးရရှိသည့် အလုပ်တစ်ခု လုပ် ကိုင်စေလိုခြင်းကြောင့် ဂီတဝိုင်းမှ နုတ်ထွက်သွားပြန်သည်။ မိုးရဲသည် ပုလင်းစက်ရုံတစ်ရုံ၌ အလုပ်ဝင်ရောက် လုပ်ကိုင်နေတော့သည်။ ထို့နောက် ဒေသတွင်းရှိ ကလပ်ပိုင်ရှင်တစ်ဦး၏ သားဖြစ်သူ ပိထ် ဘက်စ်အား ခေါ်ယူ လိုက်ကြပြန်သည်။


PAUL
GEORGE
JOHN
PETE
STU
SJ

နောက်ဆုံးတွင် ဘော့စ်ဂစ်တာသမားတစ်ဦးအား ခေါ်ယူလိုကြပြန်၏။ ဘော့စ်ဂစ်တာသည် သံစဉ် အနိမ့်တို့အား တီးခတ်ရသော ဂစ်တာ ဖြစ်သည်။ တေးသီချင်းတစ်ပုဒ်၏ စည်းချက်ကို ထိန်းသိမ်းပေးရသည့် အလုပ်အား ဘော့စ်ဂစ်တာသမားက လုပ်ဆောင်ပေးသည်။ သူ၏ မိတ်ဆွေတစ်ဦးဖြစ်သော စတူး စာ့ထ်ကလစ်ဖ်အား ၎င်းနက စည်းရုံးလိုက်ရာ ဘော့စ်ဂစ်တာတီးခတ်သူအဖြစ် အဖွဲ့ထဲသို့ ရောက်ရှိလာသည်။ စတူးသည် ဘော့စ်ဂစ်တာတစ်လက်အား ဝယ်ယူကာ မည်သို့မည်ပုံ တီးခတ်ရမည်ကို လေ့လာရန် အားထုတ်ခဲ့၏။ သူသည် အဖွဲ့ဝင်အဖြစ် ကာလ မကြာမြင့်လှသည့်တိုင် အရေးပါ အရာရောက်သော လုပ်ဆောင်ချက်တစ်ရပ်ကိုမူ ဆောင်ရွက်ခဲ့၏။ တေးဂီတဝိုင်း၏ အမည်အား ကွာရီမန်းမှ ပြောင်းလဲပစ်ရန် စိတ်ကူးစိတ်သန်း ထုတ်ခဲ့ခြင်းပင် ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တေးဂီတဝိုင်းအား 'ဘီးတဲလ်စ်'ဟု အမည်ပြောင်းခဲ့ကြသည်။ ယင်းအမည်မှာ ပိုးကောင်လေးဟူသော အဓိပ္ပာယ် မဟုတ်ဘဲ ၎င်းတို့၏ တေးဂီတမှာ ပြင်းထန်သော နရီစည်းချက် ရှိခြင်းကြောင့် ယင်းသို့ အမည်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အခန်း ၆


## အမည်သစ်၊ အသွင်သစ်

ဂေါတိတပိုင်း ဖွဲ့စည်း တည်ထောင်ပြီးဖြစ်ရာ ဘီးတဲလ်စ်တို့အနေဖြင့် ဖျော်ဖြေပွဲအချို့ ငှားရမ်းလာရန်သာ လိုအပ်တော့သည်။

၎င်းတို့သည် တစ်နေ့နေ့ တစ်ချိန်ချိန်၌ ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးသော ရော့ခ်အန်ရိုးလ် ဂေါတိတပိုင်း ဖြစ်လာပြီး အယ်လ်ဘမ်သန်းပေါင်းများစွာ ရောင်းချရမည်ကို မည်သူမျှ မသိရှိကြပေ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အကြီးကျယ်ဆုံး လေးယောက်ကို အတိုကောက် ခေါ်ဝေါ်သော 'ဖက်ဘ်ဖိုး'ဟု ကျော်ကြားလာမည်ကို လည်းကောင်း၊ ဘော့စ်ဘောအားကစားရုံများအပြည့် ပရိသတ်များ ရှိနေမည်ကို လည်းကောင်း မည်သူမျှ မသိရှိကြပေ။ ထိုအချိန်က ဘီးတဲလ်စ်တို့ကို ချုံးချုံးကျနေသည့် သားရေဂျာကင်များ ဝတ်ဆင်ထားကြသည့် ကပျစ်ကညစ် ဆယ်ကျော်သက်ငါးဦးဟုသာ ကလပ်ပိုင်ရှင် အားလုံးတို့က ရှုမြင်ထားကြသည်။

ကနဦး၌ ၎င်းတို့၏ ဂေါတိတမှာ အကောင်းချည်း မဟုတ်လှပေ။ ယင်းသို့ ဖြစ်ခြင်းမှာ ဘီးတဲလ်စ်တို့၏ အမှားတော့ မဟုတ်ချေ။ စတူးသည် ဘော့စ်ဂစ်တာအား မည်သို့မည်ပုံ တီးခတ်ရမည်ကို လေ့လာနေဆဲ ဖြစ်၏။ တကယ်တမ်း၌လည်း တီးဝိုင်းတွင် ပါဝင် တီးခတ်လိုခြင်း အလျှင်းမရှိပေ။ သူကား ပန်းချီဆရာ ဖြစ်လိုသူ ဖြစ်၏။ ဂျွန်သည်လည်း ဂစ်တာလေ့ကျင့်ခန်းတို့အားလုံး တီးခတ် လေ့ကျင့်ခြင်း မရှိခဲ့ရာ အမှားမှား အယွင်းယွင်း ဖြစ်နေဆဲ ဖြစ်သည်။ ဂျော့နှင့် ပေါလ်တို့မှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ကိုယ်ပိုင် ဒရမ်ဆက်ရှိခြင်းကြောင့် ပိထ် တစ်ဦးတည်းသာ အခြေအနေ ကောင်းနေတော့သည်။

၁၉၅၉ ခုနှစ်တွင် ဘီးတဲလ်စ်တို့သည် ပုံမှန် ဝင်ငွေရသော ပထမဆုံး အလုပ်ကို ရရှိလာ၏။ ဂျာမနီနိုင်ငံ ဟမ်းဘာ့ဂ်မြို့မှ ကလပ်ပိုင်ရှင်




တစ်ဦးသည် အင်္ဂလန်သို့ အလည်အပတ် ရောက်ရှိလာသည်။ ဈေးချိုချိုဖြင့် ငှားရမ်းနိုင်သော လှပယ် ရှောခ်အန်ရိုးလ် ဂီတာသမားတို့အား ရှာဖွေရန် မျှော်လင့်လျက် ရှိသည်။ ဘီးတဲလ်စ်တို့အား ကမ်းလှမ်းမှုတစ်ခု ပြုလိုက်၏။ ဟမ်းဘာ့ဂ်ကား အခြားသော နိုင်ငံမှ ဝေးကွာလှမ်းသော နေရာတစ်နေရာ ဖြစ်သည်။ သို့သော် အိပ်စက် နားနေစရာ နေရာတစ်နေရာနှင့် ပုံမှန်ငွေ ပေးချေပါမည်ဟု ကလပ်ပိုင်ရှင်က ကတိကဝတ် ပြုခဲ့သည်။ ၎င်းတို့အတွက် သီးသန့် အဝတ်လဲခန်းပင် ထားရှိပေးမည် ဖြစ်သည်။ သဘာဝကျစွာပင် ကောင်လေးတို့မှာ စိတ်လှုပ်ရှား တက်ကြွနေကြသည်။

၎င်းတို့၏မိဘများ အနေဖြင့်ကား ထိုသို့ မဟုတ်ပေ။ ဒေါ်လေးမီမီသည် ဂျွန်၏ တေးဂီတတီးခတ်ခြင်း အိပ်မက်အား အမြဲတစေ ဆန့်ကျင်လျက် ရှိသည်။ ဂျွန်အား အနုပညာကျောင်း တက်ရန်သာ မရအရ တောင်းဆိုလျက် ရှိ၏။ ပေါလ်၏ ဖခင်ကြီးမှာလည်း အမြဲတစေ ရန်လုပ်နေပေသည်။ ပေါလ်အနေဖြင့် ဂျာမနီသို့ ရောက်သွားလျှင် ဝဝလင်လင် စားသောက်ခြင်း မပြုရမည်ကို စိုးရိမ် ပူပန်နေသည်။ သို့သော် သူ့သားတော်မောင်အား တားဆီး၍ မရနိုင်ကြောင်းကို မိမိကဲ့သို့ပင် ဂျင်မ်ကလည်း သိရှိထားပြီး ဖြစ်သည်။ ဂျွန်နှင့် ပေါလ်တို့သည် အသက်ဆယ့်ရှစ်နှစ် ပြည့်ပြီဖြစ်ပြီး သူတို့ ဆောင်ရွက်လိုသည်တို့အား လုပ်ဆောင်ရန် အရွယ်ရောက်နေကြပေပြီ။ သူတို့နှစ်ဦးမှာ ဂျာမနီနိုင်ငံသို့ သွားရောက်လိုကြ၏။



ဟမ်းဘာ့ဂ်သည် ကောင်လေးတို့အတွက် ကြီးကျယ် ခမ်းနားလှသည်ဟု ယူဆရ၏။ သူတို့ ရောက်သွားကြသောအခါ ကလပ်ပိုင်ရှင်၏ ကတိကဝတ် အချို့တို့မှာ လိမ်လည် လှည့်ဖြားမှုများဖြစ်ကြောင်း တွေ့ရှိလာရသည်။

ကလပ်မှာ ညစ်ပတ် ပေရေကာ အနံ့တဟောင်းဟောင်း ထွက်လျက်ရှိသော နေရာဖြစ်ပြီး အင်ဒရာဟု ခေါ်တွင်၏။ ၎င်းတို့အတွက် 'အဝတ်လဲခန်း'ဟုသည်မှာ အများသုံး သန့်စင်ခန်းသာ ဖြစ်သည်။ ၎င်းတို့ အိပ်စက်ရသည့် နေရာမှာလည်း ဒေသတွင်း ရုပ်ရှင်ရုံတစ်ရုံ၏ ပိတ်ကားနောက်တွင် နေရာချထားသော ခုတင်သေးသေးလေးများသာ ဖြစ်သည်။ တစ်ညတာလုံး တီးခတ် ဖျော်ဖြေပြီးသည့်နောက် နောက်တစ်မနက်ခင်း ရောက်သည့်တိုင် အိပ်မပျော်နိုင်ကြပေ။ ရုပ်ရှင်ဇာတ်ကားတို့မှ အသံဗလံတို့က ၎င်းတို့အား အိပ်ရာမှ နိုးထစေ၏။

စင်မြင့်ထက်၌ ဖျော်ဖြေ တင်ဆက်ရသည်မှာလည်း လွယ်လင့်တကူ မရှိပေ။ ယခင်က ၎င်းတို့၏ ဖျော်ဖြေတင်ဆက်မှုတို့မှာ အများဆုံး တစ်နာရီခန့်သာ ကြာမြင့်ပေသည်။ ဟမ်းဘာ့ဂ်၌မူ စင်မြင့်ထက်၌ ရှစ်နာရီကြာ



ဖျော်ဖြေ တင်ဆက်ကြရ၏။ သို့သော် ထိုသို့သော အလေ့အကျင့် အားလုံးတို့သည် ၎င်းတို့အား ပို၍ ကောင်းမွန်သည့် ဂီတပညာရှင်များ ဖြစ်လာစေရေးအတွက် အထောက်အကူပြုလျက် ရှိသည်။ ဂျွန်နှင့် ပေါလ်တို့သည် တေးသီချင်း အမြောက်အမြားအား ရေးစပ် သီကုံးခဲ့ကြသည်။ အဲလ်ဗစ္စ ပရက်စလေ၊ ဘာ့ဒ်ဒီ ဟော်လီနှင့် ချပ်ခ် ဘယ်ရီ အပါအဝင် ၎င်းတို့နှစ်မြို့ကဲသော တေးဂီတပညာရှင်တို့၏ တေးသီချင်းများအား မည်သို့မည်ပုံ တီးခတ်ရမည် ဆိုသည်ကိုလည်း လေ့လာ ဆည်းပူးဖြစ်ခဲ့ကြသည်။ တေးသီချင်းတို့အား လက်တန်း စပ်ဆို ဖန်တီးနိုင်လာကြသည်။ 'အလွတ် တီးခတ် ဖန်တီးခြင်း' ဟုလည်း ခေါ်တွင်ခဲ့ကြသည်။

တစ်ခါတစ်ရံ၌ ပင်ပန်း နွမ်းနယ်ကာ စိတ်လက်မကြည်မသာ ဖြစ်ကြရသည်။ ကြိုးစားပန်းစား တီးခတ် ဖျော်ဖြေရသည့်တိုင် အိပ်ရေးဝဝ



မအိပ်ကြရပေ။ စင်မြင့်ထက်၌ လန်းဆန်း တက်ကြွနေစေရန်အတွက် ဆေးဝါးများအား စတင် သုံးစွဲလာကြသည်။ ပင်ပန်းဆင်းရဲစွာ အလုပ် လုပ်ကြရသောကြောင့် များများစားစား စားသောက်နိုင်ခြင်းလည်း မရှိပေ။ တကယ်တမ်း၌လည်း ပရိသတ်ရှေ့မှောက်တွင် တီးခတ် ဖျော်ဖြေနေရင်း တစ်ခါတစ်ရံ စားသောက်ကြရခြင်းမျိုး ရှိပေသည်။

၎င်းတို့၏ ပရိသတ်ကား စိတ်ဝင်တစား ရှိနေကြသည်။ တစ်ခါတစ်ရံတွင် ကလပ်တွင်း၌ ဘီးတဲလ်စ်တို့အား ချစ်မြတ်နိုးသော ဆယ်ကျော်သက် ပရိသတ်တို့ဖြင့် ပြည့်နေတတ်ပြီး ၎င်းတို့၏ တေးသီချင်းများအား အတူတကွ လိုက်ပါ သီဆို ကျူးရင့်နေတတ်ကြသည်။ တစ်ခါတစ်ရံ၌လည်း ပရိသတ်တို့သည် ဘီယာ အလွန်အကျွံ သောက်သုံးကြကာ ရန်ပွဲများ ဆင်နွှဲတတ်ကြ၏။ ကုလားထိုင်တို့ကို ပစ်ပေါက်ကြပြီး မျက်နှာကြက်ရှိ မီးလုံးတို့အား တွဲလွဲခိုစွဲ ဆွဲချတတ်ကြသည်။

ဘီးတဲလ်စ်တို့ကား စိတ်အနှောင့်အယှက် မဖြစ်ကြပေ။ အေးအေးသက်သာပင် သဘောထားကြသည်။

ကာလအတန်ကြာသော် ဘီးတဲလ်စ်တို့သည် ပို၍ လူကြိုက်များ ရေပန်းစားလာကြပြီး ပို၍ ကြီးမားသော ကလပ်တို့တွင် တီးခတ် ဖျော်ဖြေမှု အချို့ လုပ်နိုင်လာတော့၏။ ၎င်းတို့အား မည်သို့သော ဆံပင်ပုံစံ ထားသင့်ကြောင်း အကြံပြုကြသည့် အနုပညာကျောင်းမှ ကောင်လေး အပေါင်းအသင်း အတော်များများနှင့်လည်း မိတ်ဆွေ အပေါင်းအသင်း ဖြစ်လာကြသည်။ ဂျာမနီနိုင်ငံ၌ ဆံပင်အရှည်ထားကာ ရှေ့သို့ ချ၍ ဖြီးသင်သည့်ဟန် ခေတ်စားလျက် ရှိသည်။ ဆံပင်အား ဆီရွှဲရွှဲလိမ်းကာ ဖြီးသင်ထားသည်ထက် ယင်းသို့သော ပုံစံကား ပို၍ သင့်လျော်သည်ဟု ဘီးတဲလ်စ်တို့ ဆုံးဖြတ်လိုက်ကြသည်။ ဘီးတဲလ်စ်တို့၏ ဆံပင်ဖုတ်သိုက်ထားသည့် ဟန်ပန်သည်ပင် ဆံပင်ပုံစံအသစ်တစ်ခု ဖြစ်လာတော့သည်။



လေးလတာ ကြာမြင့်ပြီးနောက် စတူးမှ လွဲ၍ ဘီးတဲလ်စ်တို့ အနေဖြင့် ဂျာမနီ၌ နေရထိုင်ရသည်မှာ ပြည့်စုံ လုံလောက်သွားပေပြီ။ စတူးသည်


ချစ်ကြိုးသွယ်မိပြီး ဂျာမနီ၌သာ နေထိုင်လိုလျက် ရှိ၏။ အင်္ဂလန်နိုင်ငံ သို့တော့ လိုက်ရှိ နေရပ်သို့ လူတိုင်းက ပြန်လိုပေပြီ။ ဘီးတဲလ်စ်တို့သည် တေး ရေးဆရာကောင်းများနှင့် ဂီတပညာရှင်ကောင်းများ ဖြစ်လာကြပြီ ဖြစ်ပြီး ၎င်းတို့၏ လက်ရာများအား ဖော်ထုတ် တင်ပြရသည်ကိုလည်း နှစ်မြို့က် နေကြပေပြီ။ ယခုဆိုလျှင် အလုပ်ရရှိရန်အတွက်လည်း ပြဿနာ မရှိတော့ ပေ။ ဒေသခံ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဘရိုင်ယန် အက်ပ်စတိန်း ဆိုသူကိုပင် သတိထားမိလာအောင် ဆွဲဆောင်နိုင်ခဲ့ပေပြီ။ ဘရိုင်ယန်မှာ ချမ်းသာကြွယ်ဝသော မိသားစုတစ်ခုမှ ဆင်းသက် ပေါက်ဖွားလာသူ ဖြစ် သည်။ ရှော့ခ်အန်ရိုးလ် တေးဂီတဝိုင်း တစ်ဝိုင်းအားလည်း စီမံခန့်ခွဲလို လျက် ရှိ၏။ ဘီးတဲလ်စ်တို့ကလည်း သူ့အား ယုံကြည် ကိုးစားလျက် ရှိ သည်။

ကောင်လေးများအား ကြီးကြီးကျယ်ကျယ် ပေါက်မြောက်လေအောင် ဖန်တီးရန်အတွက် ဘရိုင်ယန်တွင် မတွေ့ကြုံပြားသော စိတ်ကူးစိတ်သန်းများ ရှိနေသည်။ စင်မြင့်ထက်၌ စားသောက်ခြင်း မလုပ်ကြရန်ကိုလည်း ဘရိုင် ယန်က ဘီးတဲလ်စ်တို့အား ပြောဆိုလိုက်သည်။ သားရေဂျာကင်တို့အားလည်း နောက်ထပ် လုံးဝ မဝတ်စေလိုပေ။ သားရေဂျာကင်များအစား တူညီဝတ်စုံနှင့် လည်စီးများအား ဝတ်စား ဆင် ယင်ရပေမည်။ ယင်းသို့အားဖြင့် ဘီးတဲလ်စ် တို့သည် လူကြီးသူမတို့အား ဆွဲဆောင်နိုင်လိမ့် မည်ဟု ဘရိုင်ယန်က ယူဆခဲ့သည်။

BRIAN EPSTEIN



ဘရိုင်ယန်က ဆောင်ရွက်နိုင်းသမျှတို့ အားလည်း အဖွဲ့က သဘောတူခဲ့ကြသည်။ ပိတ်အားလည်း နောက်ထပ် ဒရမ်တီးခတ်ခြင်း မပြုစေလိုကြတော့ပေ။ အခြား တေးဂီတဝိုင်း တွင် ဒရမ်တီးခတ်လျက်ရှိသော တီးခတ်မှု ပို၍ ကောင်းမွန်သည့် ရင်ဂိုအား ခေါ်ယူလိုလျက် ရှိသည်။ ပိတ်အား ထုတ်ပစ်ရန်ကိုလည်း ဂျွန် နှင့် ပေါလ်တို့က စိုးရွံ့နေကြပေသည်။ ပိတ် သည် ၎င်းတို့၏ သူငယ်ချင်းဖြစ်ရာ သူ့အား



ထိနိုက်နာကျင်မှု မရှိစေလိုကြပေ။ ထို့ကြောင့် ယင်းကိစ္စအား ဘရိုင်ယန်ကိုသာ ဆောင်ရွက်စေ၏။ သူ့အား ကိုယ်တိုင်ကိုယ်ကျ ပြောဆိုခြင်း မပြုကြသည့်အတွက် ဘီးတဲလ်စ်တို့အား ပီထ်က လုံးဝ ခွင့်မလွှတ်ပေ။

၁၉၆၃ ခုနှစ် ရောက်သော် ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုဟူသော အဖွဲ့ဝင်လေးဦးဖြင့် ဘေးဂီတဝိုင်းအား တည်ထောင်လိုက်ကြတော့သည်။

အခန်း ၄

## ဘီးတဲလ်စ် စွဲလမ်းမှု ပြဿနာ

ဖြစ်စဉ်တို့ကား မြန်ဆန်လွန်းလှသည်။ ၁၉၆၃ ခုနှစ် အစပျိုးချိန်တွင် ဘီးတဲလ်စ်တို့သည် ကလပ်ငယ်လေးများ၌ တီးခတ်၍ လည်းကောင်း၊ အခြားတေးဂီတဝိုင်းတို့၌ အဖွင့်တီးခတ် ဖျော်ဖြေ၍ လည်းကောင်း ရပ်တည်နေကြဆဲ ဖြစ်သည်။

ထိုနှစ် မတ်လသို့ရောက်သော် အင်္ဂလန်၌ ၎င်းတို့၏ ပထမဆုံး အယ်လ်ဘမ်ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။ 'Please Please Me' ဟု ခေါ်တွင်



သော အယ်လ်ဘမ်ဖြစ်ပြီး ဗြိတိသျှ ဓာတ်ပြားအရောင်းစာရင်းတွင် အကြီးအကျယ်ပေါက်သော အယ်လ်ဘမ်တစ်ချပ် ဖြစ်လာခဲ့သည်။ အရောင်းရဆုံးသော ဓာတ်ပြားစာရင်းဝင် အယ်လ်ဘမ် ဖြစ်၏။ ၎င်းတို့၏ အစောပိုင်းကာလ တေးသီချင်းများအား ဘီးတဲလ်စ်တို့က အထူးတလည် အသံသွင်းယူခဲ့ကြခြင်း ဖြစ်သည်။ မည်သို့မည်ပုံ စည်းချက်ညီအောင် သီဆိုရမည်ကို သိရှိထားပြီးဖြစ်သော ဂျွန်နှင့် ပေါလ်တို့ကား အစိက အဆိုတော်နှစ်ဦး ဖြစ်သည်။ ၎င်းတို့၏ တေးသီချင်းတိုင်းတွင် နားဝင်ချို၍ မှတ်မိလွယ်သော သံပြိုင်အပိုဒ်များ ပါရှိလေ့ ရှိသည်။ အချို့သော တေးသီချင်းများ၏ အဆုံးသတ်တွင် ဂီတာပိုင်းတစ်ခုလုံးက ပျော်ပျော်ရွှင်ရွှင် ဟစ်ကြွေးရခြင်းကိုလည်း ဘီးတဲလ်စ်တို့က နှစ်ခြိုက်ကြသည်။ ယင်းဟန်ပန်သည်ပင် ခေတ်စားလာတော့၏။

ဆောင်းဦးရာသီ၌ပင် ဘီးတဲလ်စ်တို့၏ ဖျော်ဖြေပွဲသည် နာရီဝက်အတွင်း လက်မှတ်ရောင်းကုန်သည့် အနေအထား ဖြစ်လာသည်။ လူကြိုက်များလွန်းလာပြီး သူတို့သွားရာ နေရာတိုင်းသို့ ပရိသတ်များက တကောက်ကောက် လိုက်နေကြတော့သည်။ ယင်း စိတ်လှုပ်ရှားဖွယ်ကောင်းသော ဖြစ်





ရုပ်အား အင်္ဂလန်ရှိ သတင်းစာတစ်စောင်က 'ဘီးတဲလ်စ် စွဲလမ်းမှု ပြဿနာ' ဟုပင် ဖော်ပြခဲ့၏။

အမေရိကန်ပြည်ထောင်စု၌မူ ဘီးတဲလ်စ်တို့အား မသိရှိကြသေးပေ။ အမေရိကန်ပြည်ထောင်စု၌ ၎င်းတို့၏ ပထမဆုံးသော တေးသီချင်းအား ခါတ်ပြားကုမ္ပဏီက အဖတ်ဆယ်၍ မရလောက်အောင် ပထုတ်ထားခြင်းကြောင့်လည်း ဖြစ်သည်။ ကက်ပီတယ် ကုမ္ပဏီက တေးသီချင်း အသစ်အားလည်း အရောင်းရ နေးကျွေးအောင် လုပ်ဆောင်ထားပြန်ရာ ဘရိုင်ယန်သည် မန်နေဂျာများအား တယ်လီဖုန်းဆက်၍ အော်ဟစ် ကြိမ်းမောင်းတော့သည်။ ယင်းတေးသီချင်း အကြီးအကျယ် ပေါက်ရန်မှာ 'ခင်ဗျားတို့ လက်ထဲမှာပင် ရှိသည်'ဟုလည်း ဘရိုင်ယန်က ပြောဆိုခဲ့သည်။ ဘရိုင်ယန်၏ တွက်ကိန်းမှာ မှန်ကန်လှ၏။ ယင်းတေးသီချင်းမှာ နံပါတ်တစ် အဆင့်သို့ ရောက်ရှိသွားတော့သည်။

၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် ဘီးတဲလ်စ် စွဲလမ်းမှု ပြဿနာမှာ အမေရိကန်ပြည်ထောင်စုသို့ ကူးစက် ပျံ့နှံ့သွားခဲ့၏။ ထိုနေ့တွင် နယူးယောက်မြို့တော် ကနေဒီလေဆိပ်သို့ စိုးရွံ့လျက်ရှိသော လူငယ်လေးဦးအား တင်ဆောင်လာသည့် လေယာဉ်တစ်စီး ဆိုက်ရောက်လာခဲ့သည်။ ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့ အနေဖြင့် အမေရိကသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ကြခြင်းလည်း ဖြစ်သည်။

၎င်းတို့အဖွဲ့ ပေါ်ထွက်မလာမီက အင်္ဂလန်မှ ရော့ခ်အဆိုတော် ဟူ၍ တစ်ဦးတစ်ယောက်မှ ပေါ်ထွန်းခြင်း မရှိခဲ့ပေ။

ခရီးစဉ်ကြီး မထွက်မီက အမေရိကန်ပြည်ထောင်စုနှင့် ပတ်သက်၍ 'အစစအရာရာ ပြီးပြည့်စုံနေတဲ့ နေရာမှာ ကျွန်တော်တို့က ဘာသွားလုပ်ကြရမှာတုန်း'ဟု ဂျော့က ပြောဆိုခဲ့ဖူးသည်။

ဘရိုင်ယန်ကမူ လုံးဝ သံသယ မရှိပေ။ တေးဂီတဝိုင်းအနေဖြင့် ကြီးမား ကျော်ကြားလာပေမည်ဟု တွေ့သည့် လူတိုင်းအား ဘရိုင်ယန်က ပြောဆိုနေတတ်သည်။ လေယာဉ်ပေါ်မှ ဆင်းသက်ပြီး များမကြာမီမှာပင် ဘရိုင်ယန် မှန်ကန်ကြောင်း ဘီးတဲလ်စ်တို့က သက်သေပြနိုင်ခဲ့ကြ၏။ လေဆိပ်၌ ၎င်းတို့အား နှုတ်ဆက်ရန် ရောက်ရှိနေကြသည့် အသံကုန် ဟစ်အော်နေကြသော ဆယ်ကျော်သက် ထောင်ပေါင်းများစွာကို တွေ့မြင်နေရသည်။ ဘီးတဲလ်စ်တို့ကား ချစ်စရာကောင်းနေပေတော့သည်။ ကောင်မလေးများ



သည် လေယာဉ်နှင့် စည်းခြားထားသော အကာအရံတို့အား ဆွဲ၍ လှုပ်ရမ်းနေကြသည်။ ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့ လေယာဉ်မှ ထွက်လာကြသည်နှင့် ကောင်မလေးများက ဟစ်အော်ကြသည်။ ဘီးတဲလ်စ်တို့က လက်ဝှေ့ယမ်း နှုတ်ဆက်ချိန်တွင် ပရိသတ်အချို့တို့မှာ မူးမေ့ လဲကျသွားကြသည်။

လေဆိပ်၌ ဘီးတဲလ်စ်တို့သည် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ကျင်းပခဲ့၏။ သတင်းထောက်တို့သည် ရော့ခ်အန်ရိုးလ် တေးသီချင်း သီဆိုသူတို့ထံမှ ယဉ်ကျေး သိမ်မွေ့သော အဖြေစကားများနှင့် အသားကျလျက်ရှိသည်။ အဲလ်ဗစ်ကပင် သတင်းထောက်တို့အား ‘ဆရာ’ဟု ခေါ်တွင်ခဲ့သည်။ သို့သော် ဘီးတဲလ်စ်တို့ကား ရယ်စရာ ဟာသများ ဖန်တီး ပြောဆိုနေကြ၏။ တေးသီချင်း အနည်းအကျဉ်းမျှ သီဆိုပြပါရန် သတင်းထောက်တစ်ဦးက ဘီးတဲလ်စ်တို့အား မေတ္တာရပ်ခံလိုက်သည်။ ‘ကျွန်တော်တို့ကို ပိုက်ဆံ အရင်ပေးဖို့ လိုသဗျ’ဟု ဂျွန်က ပြောဆိုလိုက်ရာ လူတိုင်းအတွက် ရယ်စရာ မောစရာ ဖြစ်သွားတော့သည်။ များမကြာမီတွင် သတင်းထောက်တို့သည် ဘီးတဲလ်စ်တို့ ပြောဆိုသမျှ စကားလုံးတိုင်းအား ရေးမှတ်နေကြတော့၏။

နှစ်ရက်မျှ ကြာပြီးနောက် ဘီးတဲလ်စ် တို့သည် အက်ဒ် ဆူလေဗန် အစီအစဉ်တွင် တေးသီချင်းငါးပုဒ် တင်ဆက်ခဲ့ကြ၏။ ထိုနေ့သည် သမိုင်းတစ်ခုအား ဖန်တီးခဲ့ခြင်းလည်း ဖြစ်ပေသည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပရိသတ်ပေါင်း ၇၃ သန်းတို့သည် ယင်းအစီအစဉ်အား ကြည့်ရှုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုရှိ လူဦးရေ၏ ထက်ဝက်က ကြည့်ရှုခဲ့ကြခြင်းလည်း ဖြစ်သည်။



ED SULLIVAN

ယင်းသို့ တင်ဆက် ဖျော်ဖြေပြီးနောက် မန်ဟတ်တန်ရှိ ကျော်ကြားလှသော ကာနက်ဂျီ ခန်းမကြီး၌ ကျင်းပသည့် ဖျော်ဖြေပွဲနှစ်ပွဲ အပါအဝင် လက်မှတ်ရောင်းမလောက် ဖြစ်ခဲ့ရသော ဖျော်ဖြေပွဲပေါင်း များစွာတို့ကို ဘီးတဲလ်စ် တို့ ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ယင်းသို့ လူအများ အာရုံစိုက်လာအောင် ဆောင်ရွက်မှု အားလုံးတို့သည် အမေရိကန်၌ အခြားသော ဗြိတိသျှ တေးဂီတဝိုင်းများ ရေပန်းစားလာစေရန် အထောက်အကူ ပြုနိုင်ခဲ့ပေသည်။ ရိုးလင်း စတုန်း၊ အန်းနီးမဲလ်၊ ကင့်ခ်စ်၊ ဒေ့ဗ် ကလာ့ခ် ဖိုက်၊ ဟာမန်းစ် ဟားမစ်၊ ဂျရက်ဒီနှင့် ဒရင်းမား စသည့် အင်္ဂလန်နိုင်ငံမှ တေးဂီတအဖွဲ့များသည် ဘီးတဲလ်စ်တို့ပြီးနောက်



ကျော်ကြားလာသော တေးဂီတအဖွဲ့များပင် ဖြစ်သည်။ ‘ဗြိတိသျှတို့၏ ကျူးကျော်မှုကြီး’ဟုပင် စာနယ်ဇင်းများက ဖော်ပြခဲ့ကြသည်။ အခြားသော တေးဂီတအဖွဲ့ အချို့တို့မှာ လီဗာပူးလ်မှပင် ဖြစ်သည်။ လီဗာပူးလ်အား ဖြတ်သန်း စီးဆင်း လျက်ရှိသည့် မာစေး မြစ်ကို အစွဲပြု၍ တေးဂီတသစ်အား ‘မာစေး တေးသံ’ဟုလည်း ခေါ်တွင်ခဲ့ကြသည်။




ဘီးတဲလ်စ် စွဲလမ်းမှု ပြဿနာမှာ ဖျော်ဖြေပွဲများ၌ လက်မှတ်များ ရောင်းမလောက် ဖြစ်ခြင်း၊ ဓာတ်ပြားအရောင်း၌ နံပါတ်တစ် စွဲခြင်း၊ ကောင်မလေးများက အသံကုန် ဟစ်အော်ကြခြင်း၊ ကောင်လေးများက ၎င်းတို့၏ ဆံပင်ပုံစံအတိုင်း ထားရှိကြခြင်းတို့လောက်သာ မဟုတ်ပေ။ ဖရန့်ခ် စင်နာတြာက လူကြီးသူမတို့အား စိုးမိုး ထိန်းချုပ်ထားခဲ့သကဲ့သို့ ခြောက်ဆယ် ပြည့်နှစ်များမှ လူငယ်တို့အား ဘီးတဲလ်စ်တို့က လွှမ်းမိုးထားလိုက်ခြင်း ဖြစ်သည်။



၁၉၆၄ ခုနှစ်တွင် ဘီးတဲလ်စ်တို့သည် ၎င်းတို့၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သော 'A Hard Day's Night' ကို ရိုက်ကူး ဖန်တီးခဲ့ကြသည်။ လှုပ်ရှားမှုပေါင်းများစွာ ပါရှိသည့် ယင်းရုပ်ရှင်ဇာတ်ကားတွင် တေးဂီတဝိုင်းက ပရိသတ်တို့လက်မှ ရှောင်ထွက်သွားကြပုံတို့ကိုလည်း ထည့်သွင်း ပြသထားခဲ့သည်။ အကြီးအကျယ်ပေါက်သော ရုပ်ရှင်ဇာတ်ကားတစ်ကားပင် ဖြစ်၏။

ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့သည် လီဗာပူးလ်မှ လူငယ်လေးဦးမျှလောက်သာ မဟုတ်တော့ပေ။ 'အဖွဲ့ယ်လေးယောက်'တို့သည် အဲလ်ဗစ်ထက်ပင် ပို၍ ကြီးကျယ်နေကြပေပြီ။ အသက်အရွယ် ငယ်သေးပြီး အတွေ့အကြုံမရင့်ကျက်ကြသေးသောကြောင့် တစ်ခါတစ်ရံ၌ အမှားအယွင်းများအား ဖန်တီးမိကြသည်လည်း ရှိ၏။ ဘီးတဲလ်စ်တို့သည် 'ယေရှု ခရစ်တော်ထက်ပင် ပို၍ လူကြိုက်များ ရေပန်းစားနေပြီ'ဟု သတင်းထောက်တစ်ဦးအား ဂျွန်က ပြောဆိုခဲ့ဖူးသည်။ ပရိသတ် အမြောက်အမြားတို့မှာ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်မိကြ၏။ ရေဒီယို အသံလွှင့်ဌာန အချို့ကလည်း






မီးပုံပွဲကြီးများ ကျင်းပကာ ဆန္ဒကျင်ပွဲများ ပြုလုပ်ခဲ့ကြ၏။ ဘီးတဲလ်စ် အယ်လ်ဘမ်တို့အား မီးပုံရှို့ကြရန် လူထုပရိသတ်အား ဖိတ်ခေါ်ခဲ့ကြသည်။ ဂျွန်သည် မြန်မြန်ဆန်ဆန်ပင် ပရိသတ်တို့အား တောင်းပန်ခဲ့ရ၏။ သို့သော် ယင်းအတွေ့အကြုံက အဖွဲ့အား အပြောင်းအလဲ ဖြစ်စေခဲ့သည်။ မည်သို့ မည်ပုံ ပြောဆိုရမည်ကို လည်းကောင်း၊ မည်သို့မည်ပုံ ပြုမူ ဆောင်ရွက်ရ မည်ကို လည်းကောင်း သတိထားမိလာကြသည်။ အဖွဲ့သားလေးဦးအနေ ဖြင့်ကား အပြောင်းအလဲ မရှိပေ။

အခန်း ၈

## စိတ်ပင်ပန်း ငြီးငွေ့လာခြင်း

ရှောခ် အဆိုတော်များအဖြစ် ရပ်တည်ရသည်မှာ လွယ်လင့်တကူ မရှိလှပေ။ တေးသီချင်းအသစ်တို့အား အသံသွင်းခြင်း မရှိလျှင် ဘီးတဲလ်စ်တို့သည် အထုပ်အပိုး ပြင်ဆင်ကာ နောက်ဖျော်ဖြေပွဲရှိရာသို့ ခရီးထွက်ကြရ၏။ အနားယူချိန် များများစားစား မရှိပေ။ ၁၉၆၄ ခုနှစ်၌ ရက်ပေါင်းခြောက်ဆယ် ကာလအတွင်း အမေရိကန်ပြည်ထောင်စုတွင် တစ်မြို့ချင်းစီအလိုက် ဖျော်ဖြေပွဲပေါင်း ငါးဆယ့်သုံးပွဲ တီးခတ် ဖျော်ဖြေခဲ့ကြသည်။ အချို့သော ဖျော်ဖြေပွဲတို့၌ ပရိသတ်တို့က အရူးအမူး ဖြစ်နေကြရာ ဘီးတဲလ်စ်တို့သည် ပေခြောက်ဆယ် အမြင့်ရှိ လှောင်ချိုင့်အတွင်းမှ တီးခတ် ဖျော်ဖြေရသည် မျိုးပင် ရှိခဲ့၏။



ခရီးလှည့်လည် ဖျော်ဖြေစဉ်အတွင်း၌လည်း ဘီးတဲလ်စ်တို့သည် မိသားစုများအား ချန်ရစ်ထားခဲ့ရသည်။ ယင်းကိစ္စမှာ အထူးတလည် ခက်ခဲလှကြောင်း ဂျွန်က သိရှိလာခဲ့သည်။ ဂျွန်၌ ဇနီးသည်နှင့် သားရင်သွေးလေးတစ်ဦး ရှိနေပေပြီ။ ဂျွန်အနေဖြင့် မိသားစုနှင့် ဆုံတွေ့ရန်ပင် အခွင့်အရေး နည်းပါးလှသည်။

နောက်ထပ် ဖျော်ဖြေပွဲများအား တီးခတ် ဖျော်ဖြေမှု မပြုနိုင်လျှင် မည်သို့ဖြစ်မည်နည်း။ စတူဒီယို၌ တေးဂီတအသစ်များ ဖန်တီးရင်း အချိန်ကုန်လွန်၍သာနေလျှင် မည်သို့ဖြစ်မည်နည်း။ ဘရိုင်ယန်ကား ယင်း စိတ်




ကူးစိတ်သန်းတို့အား သဘောမတွေ့လှပေ။ တေးဂီ ဖျော်ဖြေပွဲများအား ဆက်လက် ပြုလုပ်စေလိုသည်။ သို့မှသာ ၎င်းတို့အနေဖြင့် ငွေကြေး အမြောက်အမြား ရရှိလေအောင် ဖန်တီးနိုင်မည် ဖြစ်၏။ သို့သော် ဘီးတဲလ်စ်တို့၌ အခြားသော စိတ်ကူးစိတ်သန်းများ ရှိနေသည်။ ခရီးထွက်နေကြရသည်ကိုလည်း ပင်ပန်း နွမ်းလျနေကြ၏။ ၎င်းတို့အား ပွေ့ဖက် နမ်းရှုပ်ကာ အမှတ်တရလက်မှတ် ရေးထိုးပေးစေလိုသော ပရိသတ်တို့အား ရှောင်တိမ်းကာ ရှုခင်းရှုကွက်တို့အား အပန်းဖြေ လိုက်လံ ကြည့်ရှုလိုကြသည်။ ဘီးတဲလ်စ်တို့ကား ရုပ်ရှင်ရုံသို့ပင် မရောက်ကြသကဲ့သို့ စားသောက်ဆိုင်ပင် မထိုင်ဖြစ်ကြပေ။

ဖျော်ဖြေပွဲတစ်ခုအပြီးတွင် ပရိသတ်တို့သည် အဖွဲ့ပိုင် နိမ်ခံကားကြီးနောက် လိုက်ကာ အဖွဲ့ဝင်တစ်ဦးဦးအား မြင်ရနိုးဖြင့် ရှေ့နောက် ဝဲယာမှ လှုပ်ခါနေခဲ့ကြသည်။ ကံကောင်းထောက်မစွာပင် ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့မှာ ရှောင်ထွက်သွားနိုင်ခဲ့ကြသည်။ သူနာပြုကားတစ်စီးပေါ်၌ လျှို့လျှို့ဝှက်ဝှက် ပုန်းအောင်းနေကြရခြင်း ဖြစ်သည်။

ဖျော်ရွှင်ဖွယ်ကောင်းသည့်တိုင် အခြေအနေမှာ ရယ်ရွှင်ဖွယ် မရှိပေ။ ဖျော်ဖြေ တင်ဆက်ရသည်ကိုပင် ငြီးငွေ့လာကြ၏။ ကာလပ်ငယ်လေးများ၌ ဖျော်ဖြေတင်ဆက်မှု လုံးဝ မလုပ်နိုင်တော့ပေ။ ဘီးတဲလ်စ်တို့သည် ကျော်သော အားကစားရုံကြီးများတွင် ပရိသတ်အပြည့်ဖြစ်အောင် စွမ်းဆောင်

နိုင်ခဲ့ကြသည်။ ကွင်းလယ်ရှိ လေးထောင့် စင်မြင့်ငယ်လေးထက်၌ လေးဦးသား ရပ်ကာ ကျယ်ကျယ်လောင်လောင် ဟစ်အော်နေကြသည့် ပရိသတ် ပေါင်း ငါးသောင်းမကတို့အား တီးခတ် ဖျော်ဖြေနေရရာ ဘီးတဲလ်စ်တို့သည် ကိုယ့်အသံကိုယ် မကြားကြရပေ။ တေးသီချင်းတစ်ပုဒ် စတင် သီဆိုလိုက်သည်နှင့် အမှားအယွင်း အတော်များများ ဖန်တီးမိကြတော့သည်။

'ကျွန်တော်တို့ တီးခတ်တာကို ဖျက်ဆီးပစ်နေကြသလိုပဲ'ဟု ရင်ဂိုက ပြောဆိုခဲ့ဖူးသည်။ 'ပရိသတ်တွေရဲ့ ဆူညံသံတွေက အစစအရာရာ စုပ်ယူသွားတာလေ'။

ဂျွန်နှင့် ပေါလ်တို့ အနေဖြင့် အခြားသော အကြောင်းပြချက်များလည်း ရှိနေသည်။ ၎င်းတို့နှစ်ဦးမှာ အံ့ဩဖွယ်ကောင်းလှသော တေးရေးဆရာ နှစ်ဦးအဖြစ် တိုးတက် ပြောင်းလဲလျက် ရှိသည်။ စိတ်ကူးစိတ်သန်း အသစ်တို့ ကွန့်မြူးလာသည်နှင့်အမျှ တေးသီချင်းများအား ကြိုးစား ဖန်တီးလိုလျက် ရှိကြသည်။ သို့သော် ပရိသတ်တို့ကား ရင်းနှီး ကျွမ်းဝင်ပြီးသော စကားလုံးများနှင့် ပေါက်သော တေးသီချင်း၊ အဟောင်းတို့ကိုသာ ဖျော်ဖြေပွဲများတွင် နားဆင်လိုကြ၏။







Gg





ဘရိုင်ယန်၏ အလိုဆန္ဒတို့ကို ဆန့်ကျင်ကာ ဘီးတဲလ်စ်တို့သည် စတူဒီယို၌သာ ပို၍ အချိန်ကုန်လွန်လာကြတော့သည်။ ၎င်းတို့၏ အစောပိုင်းကာလ တေးသီချင်းတို့မှာ ရိုးစင်းလွန်းလှသည်။ **'She Love You'** နှင့် **'I Want to Hold Your Hand'** စသော တေးသီချင်းမှာ စည်းချက်မြန်ပြီး ပျော်ရွှင်ဖွယ် သံစဉ်များဖြစ်ကာ လူတိုင်း နားလည် သဘောပေါက်သော စကားလုံးတို့ဖြင့် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ တေးသီချင်း အသစ်တို့ကား ကွဲပြား ခြားနားလှပေသည်။

ပထမဆုံးသော ထူးခြားသည့် အပြောင်းအလဲ တေးသီချင်းမှာ **'Yesterday'** ဖြစ်ပြီး အိပ်မက်မက်နေစဉ်အတွင်း ခေါင်းထဲတွင် ကြားသိခဲ့ရသည့် တေးသီချင်း ဖြစ်သည်ဟု ပေါလ်က ပြောပြခဲ့ဖူးသည်။ ဝမ်းနည်းကြေကွဲဖွယ် တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အချစ်တို့ ပျောက်ဆုံး ကွယ်ပျောက်သွားခြင်းကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ဂန္ထဝင် ဂီတပညာရှင်လေးဦးပါ အဖွဲ့တစ်ဖွဲ့ကလည်း ပေါလ်၏ အသံအား အထောက်အပံ့ ပြုပေးထားသည်။ **'Yeaterday'** သည် ၁၉၆၅ ခုနှစ်၌ ဖြန့်ချိခဲ့သည့် ကာလမှ စတင်၍ အဖွဲ့၏ လူကြိုက်အများဆုံးသော တေးသီချင်းတစ်ပုဒ် ဖြစ်လာခဲ့သည်။ ထိုအချိန် ထိုကာလမှ စတင်၍ အခြားသော တေးဂီတပညာရှင် သုံးထောင်ကျော်တို့က ယင်းတေးသီချင်းအား မှတ်တမ်းတင်ခဲ့ကြခြင်းကြောင့် ဂင်း



နှစ် ကမ္ဘာ့မှတ် တမ်းစာအုပ်တွင် မှတ်တမ်းဝင် တေးသီချင်းတစ်ပုဒ် ဖြစ်လာခဲ့သည်။

၁၉၆၅ ခုနှစ် ရောက်သည့်တိုင် ဘီးတဲလ်စ်တို့၏ တေးသီချင်း အယ်လ်ဘမ်တို့တွင် အခြားသူတို့ ရေးသားသော တေးသီချင်းများ ပါဝင်နေခဲ့သည်။ ယင်းတေးသီချင်းတို့အား ပြန်ဆိုတေးများဟုလည်း ခေါ်တွင်ကြ၏။ သို့သော် ၁၉၆၅ ခုနှစ် နှစ်ကုန်ပိုင်း၌ ဘီးတဲလ်စ်တို့သည် **'Rubber Soul'** တေးအယ်လ်ဘမ်အား အသံသွင်းယူခဲ့ကြသည်။ ယင်းအယ်လ်ဘမ်၌ ပါရှိသည့် တေးသီချင်းများ အားလုံးတို့အား ဘီးတဲလ်စ်တို့ကသာ ရေးဖွဲ့ခဲ့ကြသည်။ ၎င်းတို့၏ အစောပိုင်း အယ်လ်ဘမ်များနှင့် များစွာ ကွဲပြားသော တေးအယ်လ်ဘမ်လည်း ဖြစ်သည်။ ယင်းအယ်လ်ဘမ်၌ပင် နှစ်ပေါင်းရှစ်ရာ သက်တမ်းရှိ အိန္ဒိယ တူရိယာတစ်မျိုးဖြစ်သော စီတာအား ဂျော့က သုံးစွဲ တီးခတ်ခဲ့၏။ တေးသီချင်းတစ်ပုဒ်အတွက် ဆက်ဆိုဖုန်းမှုတ်သူ တစ်ဦးနှင့် ထရမ်းပက်မှုတ်သူ တစ်ဦးတို့အား ပေါလ်က ငှားရမ်းခဲ့သည်။ ဂျွန်ကလည်း ထူးထူးဆန်းဆန်း လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ သူ၏ ဂစ်တာဖြင့်ပင် အသံသွင်းယူခဲ့ပြီး နောက်ခံ အသံတို့အား မည်သို့မည်ပုံ အသံသွင်းယူသည်ကိုလည်း လေ့လာခဲ့သည်။ **'Tomorrow Never Knows'** တေးသီချင်းတွင် နောက်ခံအသံ အမြောက်အမြားနှင့် တူရိယာများ နောက်ခံ



တီးခတ်မှုတို့ကို ထည့်သွင်းထားခဲ့၏။ တေးစာသား စကားလုံးတို့မှာလည်း များစွာ ကွဲပြားလှသည်။ ယင်းစကားလုံးတို့၏ ဆိုလိုရင်းကို ပရိသတ်တို့က နားလည် သဘောပေါက်ရန် အားထုတ်နေကြရဆဲ ဖြစ်သည်။ သို့သော် ဘီးတဲလ်စ်တို့သည် 'Tomorrow Never Knows' ကဲ့သို့သော တေးသီချင်းတို့ကို ဖျော်ဖြေပွဲတို့၌ တီးခတ် သီဆိုနိုင်ခြင်း မရှိကြပေ။ ခက်ခဲရှုပ်ထွေးလွန်းလှသောကြောင့် ဖြစ်သည်။

ခရီးလှည့်လည် ဖျော်ဖြေပွဲများ ပြန်ထွက်ရန် ဘရိုင်ယန်က တွန်းအားပေးလျက်ရှိသည်။ ဘီးတဲလ်စ်တို့ကလည်း အားထုတ်ကြ၏။ သို့သော် အလုပ်မဖြစ်ပေ။ ဘီးတဲလ်စ်တို့သည် မပျော်မရွှင် ဖြစ်လျက်ရှိပြီး ခရီးလှည့်လည် ဖျော်ဖြေပွဲတို့အား ရပ်တန့်လိုက်ကြရန် ချက်ချင်း စိတ်ပိုင်းဖြတ်လိုက်ကြတော့၏။ နောက်ဆုံး ဖျော်ဖြေပွဲအား ဆန်ဖရန်စစ္စကို၌ ၁၉၆၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် ကျင်းပခဲ့ကြသည်။ ဘရိုင်ယန်မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။ ဖျော်ဖြေပွဲများ တီးခတ် ဖျော်ဖြေခြင်း




မရှိသော ရောခ်တီးဝိုင်းတို့သည် လူကြိုက်များ ရေပန်းစားမှု မရှိနိုင်ဟု စိုးရိမ် ပူပန်နေခဲ့သည်။ အခြားသောသူတို့သည်လည်း ဇဝေဇဝါဖြစ်လျက်ရှိသည်။ ဘီးတဲလ်စ်အဖွဲ့ ပြိုကွဲသွားပြီဟုလည်း ကောလာဟလများ ပျံ့နှံ့လျက် ရှိသည်။ ဝမ်းနည်း ကြေကွဲလျက်ရှိသော ပရိသတ်တို့ထံမှ ပေးစာရာပေါင်းများစွာတို့ကို ကျော၍ မိခင်ကြီး လူစီက ဖြေကြားပေးခဲ့ရသည်။ ဘီးတဲလ်စ်တို့ ပြိုကွဲခြင်းမရှိကြောင်း ရေးသား ဖြေကြားခဲ့ခြင်းလည်း ဖြစ်သည်။ ဘီးတဲလ်စ်တို့အား အယ်လ်ဘမ်အသစ် ဖန်တီးရန် အားထုတ်လျက် ရှိ၏။

နေရပ်သို့ ပြန်လာပြီးသည့်နောက် ဘီးတဲလ်စ်တို့သည် ပို၍ လွတ်လွတ်လပ်လပ် ဖြစ်လာကြသည်။ ထိမ်းမြား လက်ထပ်လိုက်ကြပြီး မိသားစုအတွက် ပို၍ အချိန်ပေးလာကြသည်။ အနုပညာပြပွဲများသို့ သွားရောက်ကြပြီး ရုပ်ရှင်ရုံများဆီသို့လည်း ပြန်လည် ဦးလှည့်မိကြသည်။ သို့သော်



အချိန်အတော်များများ၌ကား တေးဂီတကို ဖန်တီးနေခဲ့ကြ၏။ တေးသီချင်းပုံစံ အသစ်တို့ကို အားထုတ်ခဲ့ကြသည်။ တေးသီချင်း တစ်ပုဒ်တည်း အသံသွင်းယူရန်အတွက်ပင် သံစုံ တီးဝိုင်းတစ်ဝိုင်းအား ငှားရမ်း သုံးစွဲခဲ့ကြသည်။

တေးအယ်လ်ဘမ်များ အသံသွင်းယူရန် အတွက်လည်း ယခင်ကထက် အချိန်ပိုပေးလာကြသည်။ ကမ္ဘာကြီးကား ပြောင်းလဲလျက် ရှိသည်။ ထို့ကြောင့် ၎င်းတို့၏ တေးဂီတသည်လည်း ပြောင်းလဲရပေမည်။ သူတို့သည် ၅၀ ပြည့်နှစ်တို့၏ နှောင်းပိုင်းကာလများတွင် တေးဂီတဝိုင်းများ အသီးသီး တည်ထောင်ခဲ့ကြသည်။ ယင်းကာလမှာ အေးကင်းလုံခြုံပြီး ရိုးစင်းလွန်းလှ၏။ ၁၉၆၀ ပြည့်နှစ်တို့၏ နှောင်းပိုင်းကာလတွင်မူ လူငယ် အမြောက်အမြားတို့သည် ၎င်းတို့၏ မိဘများ ဖန်တီးခဲ့ကြသည့် လောကကြီးအား ဒေါသတကြီး ဖြစ်နေကြသည်။ ဗီယက်နမ်၌ စစ်ပွဲဆင်နွှဲလျက်ရှိသော အမေရိကန်အစိုးရအား ဒေါသတကြီး ဖြစ်နေကြသည်။ အာဖရိကန် - အမေရိကန်တို့အား ခွဲခြား ဆက်ဆံသည်ကိုလည်း ဒေါသတကြီးဖြစ်လျက် ရှိ၏။

ဂြိုဟ်ကမ္ဘာအား ညစ်ထေးစေခဲ့သည့် ကုမ္ပဏီကြီးများအားလည်း ဒေါသတကြီး ဖြစ်နေကြသည်။ ဘော့ဘ် ဒီလန်နှင့် ဂျုန်း ဘိဇ်တို့ ကဲ့သို့သော ကျေးလက် အဆိုတော်များသည် စွမ်းပကားကြီးသည့် ဆန့်ကျင်ရေး တေးသီချင်းတို့အား ရေးစပ် သီကုံးနေကြသည်။ ဘီးတဲလ်စ်တို့သည်လည်း



## ဗီယက်နမ်စစ်ပွဲ




မိုင်ပေါင်း တစ်သောင်း ကွာဝေးသည့် ဗီယက်နမ်အရပ်သို့ စစ်သည်တော်တို့အား အမေရိကန်အစိုးရက အဘယ်ကြောင့် စေလွှတ်ရပါသနည်း။

ဗီယက်နမ်နိုင်ငံသည် တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်ဟု ကွဲပြားနေခဲ့သည်။ မြောက်ဗီယက်နမ် အစိုးရမှာ ကွန်မြူနစ်များ ဖြစ်ကြသည်။ တောင်ဗီယက်နမ်ကား ကွန်မြူနစ် မဟုတ်ပေ။

ထိုအချိန်က အမေရိကန်ပြည်ထောင်စု၏ အကြီးဆုံးသော ရန်သူမှာ အခြား နိုင်ငံအသီးသီးတို့အား ကွန်မြူနစ်ဝါဒ ဖြန့်ချိရန် မျှော်လင့်လျက်ရှိသော ကွန်မြူနစ်နိုင်ငံကြီး တစ်နိုင်ငံဖြစ်သည့် ဆိုဗီယက်ပြည်ထောင်စု ဖြစ်သည်။ တောင်ဗီယက်နမ်အား ကွန်မြူနစ်တို့လက် မကျရောက်စေရေးအတွက် အမေရိကန်ပြည်ထောင်စုက ထိန်းသိမ်းထားလိုသည်။

၁၉၆၄ ခုနှစ်တွင် ထောင်ပေါင်းများစွာသော စစ်သည်တော်တို့သည် ဗီယက်နမ်၌ တိုက်ပွဲဝင်လျက် ရှိ၏။ ယင်းစစ်ပွဲကြီးမှာ နှစ်ပေါင်းများစွာ ကြာမြင့်အောင် ဖြစ်ပွားလျက် ရှိသည်။ စစ်ပွဲကြီး မပြီးဆုံးမီအထိ အမေရိကန် စစ်သည်ပေါင်း ငါးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရသည်။ မြောက်ဗီယက်နမ်က အနိုင်ရရှိခဲ့သည်။ တောင်ဗီယက်နမ်အား သိမ်းပိုက်လိုက်ပြီးနောက် ယနေ့တိုင် ကွန်မြူနစ်နိုင်ငံအဖြစ် ရပ်တည်နေဆဲ ဖြစ်သည်။

အလားတူ တေးသီချင်းများအား ဖွဲ့သီခဲ့ကြသည်။ 'All You Need Is Love' တေးသီချင်းအား အမျိုးသား ရုပ်မြင်သံကြားအတွက် သီဆိုချိန်တွင် မြောက်မြားလှစွာသော မိတ်ဆွေ အပေါင်းအသင်းများနှင့်အတူ ဝိုင်းဖွဲ့ကာ စက်ဝိုင်း ပုံစံဖြင့် လက်ချင်းချိတ်လျက် 'ချစ်ခြင်းတရား' ဟူသော စကားလုံးအား ထပ်ခါတစ်လဲလဲ သီကျူး ဟစ်ကြွေးခဲ့ကြသည်။ အခြားသော တေးသီချင်းတစ်ပုဒ် ဖြစ်သည့် 'Revolution' အား ကျယ်လောင်သည့် ဂစ်တာသံဖြင့် တောင်လိုက်ကြပြီး စစ်ပွဲ ဆင်နွှဲနေကြသူတို့အကြောင်းကို ဘီးတဲလ်စ်တို့က အသံကုန်ဟစ်၍ ဒေါသတကြီး သီဆိုခဲ့ကြသည်။

မူလလမ်းကြောင်းမှ သွေဖည်ပြီး နောက်တစ်နှစ် ကြာသောအခါ ၁၉၆၇ ခုနှစ်တွင် ၎င်းတို့၏ အကြီးကျယ်ဆုံးသော အယ်လ်ဘမ်အဖြစ် လူအများက ယူဆထားကြသော 'Sgt. Pepper's Lonely Hearts Club Band' အား ဘီးတဲလ်စ်တို့က ဖြန့်ချိခဲ့ကြသည်။ အယ်လ်ဘမ် တစ်ချပ်တည်း၌ပင် မတူကွဲပြားသည့် တေးဂီတ ဟန်ပန်အမျိုးမျိုးတို့ကို ဘီးတဲလ်စ်တို့က မည်သို့ သုံးစွဲထားကြကြောင်း တွေ့မြင်ကြရသည့် အယ်လ်ဘမ်လည်း ဖြစ်သည်။ 'Lucy in the Sky with Diamonds' တေးသီချင်းဖြင့် အငြင်းပွားစရာ ဖြစ်လေအောင် ဂျွန်က မီးမွှေးပေးလိုက် ပြန်သည်။ ယင်းတေးသီချင်းမှာ မူးယစ်ဆေးဝါး သုံးစွဲကြသူ အချို့အကြောင်းကို ဂျွန်က ရေးဖွဲ့ထားခြင်း ဖြစ်သည်ဟု ပရိသတ်တို့က ယူဆကြသည်။ အချို့သောသူတို့ကား ဂျွန်၏ တေးစာသားတို့ကို အဓိပ္ပာယ် မဖော်နိုင်ကြပေ။ သို့သော် နားလည် သဘောပေါက်ခြင်း မရှိသည့်တိုင် နားဆင်ရသည်မှာ ပျော်ရွှင်ဖွယ်ကောင်းလှကြောင်း ပရိသတ်အားလုံးက သဘောတူညီကြသည်။



## ခြောက်ဆယ်ပြည့်နှစ်များ



ဘီးဗဲလ်စ်တို့ ကလေးသာသာ အရွယ်က လူငယ်လူရွယ်တို့သည် ၎င်းတို့၏ ဖခင်များကဲ့သို့သာ ဖြစ်ချင်စိတ် ရှိခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ် ကာလများက ဖြစ်သည်။ ကိုရီးယား၌ အမေရိကန်စစ်သားများ တိုက်ပွဲဆင်နေကြသည့်တိုင် ကမ္ဘာလောကကြီးမှာ ဒုတိယကမ္ဘာစစ်ကြီး အတွင်းကထက်များစွာ ပို၍ ငြိမ်းချမ်းနေသည်ဟု ထင်မြင် ယူဆထားကြသည်။ ကလေးသူငယ်တို့သည် စာကို ကြိုးစားပမ်းစား သင်ယူနေကြ၏။ သို့မှသာ ကောလိပ်ကျောင်းသို့ တက်ရောက်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်ကောင်းတို့ ရရှိမည်ဖြစ်သည်။ ကောင်လေးများသည် ကြယ်သီးအပြည့် တတ်ဆင်ထားသည့် ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်လေ့ ရှိကြသည်။ မိန်းကလေးများကား စကပ်ရှည်ရှည်နှင့် သိုးမွေးခြေအိတ်ရှည်များအား ဝတ်ဆင်လေ့ ရှိကြသည်။

၁၉၆၀ ပြည့်နှစ်များ၌မူ အစစအရာရာ ပြောင်းလဲသွားခဲ့သည်။ သမ္မတ ဂျွန်အက်ဖ် ကနေဒီသည် ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရ၏။ သူ၏ ညီဖြစ်သူ ရောဘတ်သည်လည်း ပစ်ခတ် လုပ်ကြံခြင်း ခံခဲ့ရပြန်၏။ ဒေါက်တာ မာတင် လူသာ ကင်း ဂျူနီယာသည်လည်း ပစ်ခတ် လုပ်ကြံခြင်းခံခဲ့ရသည်။ အကြမ်းဖက်မှု လှိုင်းလုံးကြီးမှာ လူတိုင်းအား တုန်လှုပ် ချောက်ချားသွားစေခဲ့သည်။ ကမ္ဘာကြီးကား ဘေးကင်းလုံခြုံမှု မရှိတော့ဟန်ပင်။

ဗီယက်နမ်စစ်ပွဲမှာ ပို၍ ကြီးမားလာသည်။ လူငယ်လူရွယ်တို့မှာ စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်တပ်တွင်းသို့ ဝင်ရောက် အမှုထမ်းဆောင်ကြရသည်။ အများစုတို့မှာ စစ်ပွဲအား ယုံကြည်မှု မရှိကြသည့်တိုင် စေလွှတ်ရာသို့ သွားရောက် တိုက်ခိုက်ကြရသည်။ အာဖရိကန် - အမေရိကန် လူငယ်တို့သည် လူဖြူတို့နှင့် တန်းတူအခွင့်အရေး ရရှိရန်အတွက် ခက်ခဲ ပင်ပန်းစွာ စောင့်ဆိုင်းခဲ့ကြရသည်။ အပြောင်းအလဲ ဖြစ်စေမည့် အရာရာအား လိုလား တောင့်တနေကြ၏။ လူမည်းနှင့် လူဖြူ လူငယ်လူရွယ်တို့သည် ဆံပင်ရှည်များ ထားကြကာ လူကြီးသူမတို့ မုန်းတီးသည့် အဝတ်အစား တို့အား ဝတ်ဆင်ကြသည်။ 'အသက်သုံးဆယ်ကျော် လူတိုင်းကို အယုံအကြည် မရှိဘူး'ဟု ဘော့ဘ် ဒီလန်က ပြောဆိုခဲ့သည့်အတိုင်း လူငယ်လူရွယ်ပေါင်း များစွာတို့သည် သက်ကြီးပိုင်းတို့အား အယုံအကြည် မရှိခဲ့ကြပေ။

အခန်း ၉

## အဆုံးသတ်နိဂုံး၏ အစ

အစကနဦး၌ ဘီးတဲလ်စ်တို့သည် တီးဝိုင်းအဖွဲ့အား ချစ်မြတ်နိုးကြ၏။ ထင်ပေါ် ကျော်ကြားမှုကိုလည်း နှစ်မင်ကြ၏။ ၎င်းတို့ကား ဆင်းရဲနွမ်းပါးသော ဆယ်ကျော်သက် လူငယ်လေးဦးဘဝမှ ကမ္ဘာကျော် ပုဂ္ဂိုလ်များအဖြစ်သို့ ရောက်ရှိသွားခဲ့ကြ၏။ ပရိသတ်တို့က ၎င်းတို့အား ချစ်မြတ်နိုးကြ၏။ သုံးစွဲရန် မျှော်လင့် တောင့်တထားသည်ထက် များစွာ ပိုမိုသော ငွေကြေးများလည်း ရရှိခဲ့ကြ၏။

ဂျွန်သည် ရိုးလ်စ်ရွိုက်စ် ကားတစ်စီးကို ဝယ်ယူခဲ့၏။ ယင်းကားထဲ၌ ရုပ်မြင်သံကြားစက်နှင့် ရေခဲသေတ္တာတို့လည်း ပါရှိသေးသည်။ ပေါလ်သည်လည်း အက်စ်တန် မာတင် အမည်ရှိ ဆန်းဆန်းပြားပြား ကားတစ်



စီးကို ဝယ်ယူခဲ့သည်။ ဂျော့ခ်ျလည်း ပန်းချီဆရာတို့က ပန်းပွင့်များ ရေးဆွဲကာ ပြင်ဆင်ပေးထားသည့် အိမ်တစ်လုံးရှိပေသည်။ 'ငွေတွေ ပထမဆုံး သွန်ပြီး ရောက်လာတဲ့အချိန်မှာ ဝတ်စုံဆယ်စုံ၊ ရှပ်အင်္ကျီ ဆယ့်နှစ်ထည်နဲ့ ကားသုံးစီး ဝယ်ပစ်လိုက်တယ်'ဟု ရင်ဂိုက ပြောပြခဲ့ဖူးသည်။ 'ငွေကြေးကို ကိုယ်တီထွင် ဖန်တီးထားတဲ့အတိုင်း သုံးဖွဲ့ပစ်လိုက်တယ်'။

အချိန်ကာလကြာသော် အလွန်အမင်း အောင်မြင်ခြင်း၏ စိတ်ကုန်ဖွယ်ကောင်းသော မျက်နှာစာအား ဘီးတဲလ်စ်တို့ စတင် သိမြင်လာခဲ့ကြသည်။ အဖွဲ့သားများအနေဖြင့် ရာသက်ပန်အတူ လက်တွဲသွားကြမည်ဟုလည်း မျှော်လင့်ထားခဲ့ကြသည်။ ၎င်းတို့သည် သူငယ်ချင်းများ ဖြစ်ကြသည့်တိုင် အသက်အရွယ် ရလာကြသည်။ မိသားစုတို့လည်း အသီးသီး ရှိနေကြပေပြီ။ အချိန်ဖြုန်းရုံလည်း မနေလိုကြတော့ပေ။ တဖြည်းဖြည်းဖြင့် အချင်းချင်း ကင်းကွာလာကြသည်။ ဝတ်စား ဆင်ယင်ပုံတို့လည်း ကွဲပြားလာကြသည်။ အချိန်တို့သည် ပြောင်းလဲလျက် ရှိ၏။ အရောင်အသွေး ကင်းမဲ့လှသော တူညီဝတ်စုံတို့ ဝတ်ဆင်ရခြင်းကို ဘီးတဲလ်စ်တို့ ငြီးငွေ့လာကြသည်။ နောက်ဆုံးပေါ် ဝတ်စား ဆင်ယင်မှုများကို ဘီးတဲလ်စ်တို့ လက်ခံကျင့်သုံးလာကြသည်။ ဂျွန်သည် ဆံပင်အရှည် ထားလိုက်၏။ မုတ်ဆိတ်မွေး ထူထူထဲထဲကိုလည်း ထားလိုက်၏။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လိုက်၏။ ဂျော့နှင့် ရင်ဂိုတို့လည်း နှုတ်ခမ်းမွေးများ ထားလိုက်ကြသည်။ ပေါလ်သည်လည်း နှုတ်ခမ်းမွေးထားသော်လည်း ကာလ မကြာမြင့်လှပေ။ ဟန်ပန်အမျိုးမျိုးနှင့် အရောင်အသွေး အမျိုးမျိုးတို့ကို ဝတ်စား ဆင်ယင်ကြသည်။ ဟစ်ပီတို့၏ ဝတ်စား ဆင်ယင်ပုံမျိုးပင် ဖြစ်သည်။

တီးဝိုင်းအနေဖြင့် တေးသီချင်းပေါင်း ၂၂၀ ကျော် ပါဝင်သော အယ်လ်ဘမ်ပေါင်း နှစ်ဆယ် ထွက်ရှိခဲ့သည်။ ဘီးတဲလ်စ်တို့၏ နောက်ထပ် စီမံကိန်းတစ်ရပ်မှာ အယ်လ်ဘမ်တစ်ချပ်အား အသံသွင်းယူပြီး ရုပ်ရှင်အားလည်း တစ်ပြိုင်နက်တည်း ရိုက်ကူးကြရန် ဖြစ်သည်။ အဖွဲ့အနေဖြင့် အလုပ်အတူ လုပ်ကိုင်လျက်ရှိကြောင်း ကမ္ဘာကြီးအား ပြသရန်ပင် ဖြစ်သည်။ ဘီးတဲလ်စ်တို့ အနေဖြင့် မည်၍မည်မျှ ပင်ပန်းနွမ်းလျလျက် ရှိသည်ကို 'Let It Be' တေးသီချင်းက ဖော်ပြလျက်ရှိသည်။ ဖျော်ဖြေပွဲများ ပြန်လည်စတင် လုပ်ဆောင်ရန် ပေါလ်က လိုလားလျက် ရှိသည်။ သို့သော် မည်သူကမျှ စိတ်ဝင်တစား မရှိကြပေ။ ဂျော့ကလည်း သူ၏ တေးသီချင်းတို့အား



အယ်လ်ဘမ်၌ ပိုမို ထည့်သွင်းစေလိုသည်။ အခြားသော ဘီးတဲလ်စ် အဖွဲ့ဝင်တို့က ငြင်းဆိုကြ၏။ ဂျွန်ကလည်း သူ၏ ဇနီးသစ် ယိုကို အိုနိုအား အသံသွင်း စတူဒီယို၌ တစ်ချိန်လုံး ခေါ်ထားလိုသည်။ အခြားသူတို့ကမူ စတူဒီယို၌ ယိုကိုအား မရှိစေလိုကြပေ။

ယိုကို အိုနိုသည် 'စမ်းသပ်တီထွင်တတ်သော' အနုပညာရှင်တစ်ဦး ဖြစ်သည်။ ပန်းမွှင့်များ သို့တည်းမဟုတ် တောင်ပေါ် စမ်းချောင်းကို ဖြတ်သန်း ပြေးလွှားနေသည့် မြင်းများ စသည့် ပန်းချီကားလှလှများအား ရေးဆွဲရခြင်းကို စိတ်မဝင်စားသူဖြစ်သည်။ သူ၏ အနုပညာလက်ရာတို့မှာ တစ်မူထူးခြားသော လက်ရာများ ဖြစ်သည်။ ထူးခြား ပြောင်မြောက်လွန်းသော လက်ရာများဟုပင် ဆိုနိုင်၏။ ဥပမာအားဖြင့် ကိုယ်လုံးတီးဖြင့် လူတစ်ဦးသည် တက်လိုက် ဆင်းလိုက် လမ်းလျှောက်ရင်း ပျံသန်းသွားသည်ကို ရုပ်ရှင်ဇာတ်ကားတစ်ကား ဖန်တီးခဲ့၏။ ယိုကိုသည် ထက်မြက် စူးရှသော အတွေးအမြင်များ ရှိသူလည်း ဖြစ်၏။ အခြားသော ဘီးတဲလ်စ်တို့သည် ဂျွန်၏ စကားကို ပို၍ နားထောင်သင့်သည်ဟုလည်း သူက ယူဆခဲ့၏။

**'Let It Be'** အား အသံသွင်းယူနေစဉ် ကာလအတွင်း ယိုကိုသည် ဂျွန်၏ နံဘေး၌သာ ထိုင်နေခဲ့၏။ တေးဂီတအား မည်သို့မည်ပုံ တီးခတ်ကြမည်ကို အဖွဲ့သားတို့ ဆွေးနွေး ညှိနှိုင်းနေကြသည်ကိုလည်း နားထောင်နေခဲ့သည်။ သဘောတူညီမှုများ မရသည့်အခါ အဖွဲ့အား ပြောဆိုလိုသည့် သူ၏ အမြင်များအား ဂျွန်နားသို့ ကပ်၍ တိုးတိုးလေး ပြောဆိုလေ့ ရှိသည်။ ယိုကိုသည် ဂျွန်အား ချစ်မြတ်နိုးလှပြီး အမြဲတစေ ဂျွန်ဘက်မှသာ ရပ်တည်လေ့ ရှိသည်။ ဇနီးမယားများပင် ဖြစ်စေကာမူ ပြင်ပလူများ ဖြစ်ခြင်းကြောင့် စတူဒီယိုအတွင်းသို့ မဝင်သင့်ဟု အခြားသော ဘီးတဲလ်စ်တို့က ယူဆကြသည်။ ၎င်းတို့လေးဦးတည်းသာ စတူဒီယိုအတွင်း၌ ရှိလိုကြသည်။

ယင်းအယ်လ်ဘမ်မှာ ကမောက်ကမ အရှုပ်တော်ပုံကြီး ဖြစ်သွားတော့၏။ အဆုံးသတ်တွင် ဘီးတဲလ်စ်တို့သည် တစ်ဦးနှင့်တစ်ဦး ပြောခဲဆိုခဲ ဖြစ်သွားကြတော့၏။ အယ်လ်ဘမ်အားလည်း အပြီးမသတ်နိုင်ကြပေ။ ရုပ်ရှင်ဇာတ်ကား ပြသချိန်တွင်လည်း မည်သူမျှ သွားရောက် ကြည့်ရှုခြင်း မရှိကြပေ။ ဖွင့်ပွဲကိုပင် ဘီးတဲလ်စ်တို့ တက်ရောက်ခြင်း မရှိကြပေ။

ပေါလ်သည် ဆိုးဆိုးရွားရွား ခံစားနေခဲ့ရ၏။ ဤသို့အားဖြင့် အဖွဲ့အား မပြိုကွဲစေလိုပေ။ ခွဲခွာနေကြရသည်မှာ မှန်၏။ သို့သော် တစ်ဦးနှင့်တစ်ဦး ဂရုတစိုက် ရှိနေကြဆဲ ဖြစ်သည်။ နောက်ထပ် အယ်လ်ဘမ်တစ်ချပ် ဖန်တီးကြရန် အဖွဲ့ဝင်များအား ပေါလ်က စည်းရုံး သိမ်းသွင်းခဲ့သည်။ ဤတစ်ကြိမ်တွင် မည်သည့်ရန်ပွဲမျှ ရှိမည်မဟုတ်ကြောင်းလည်း ပြောဆိုခဲ့၏။ အတိတ် နေ့ရက်ဟောင်းများကအတိုင်း ဖြစ်ရပေမည်။ တကယ်တမ်း၌လည်း နေ့ရက်ဟောင်းတို့အတိုင်းသာ ဖြစ်၏။






၎င်းတို့၏ အသံသွင်း စတူဒီယိုအား အကြောင်းကြားပြီးနောက် ထို အယ်လ်ဘမ်အား 'Abbey Road' ဟု အမည်ပေးလိုက်ကြသည်။ အသံ မကောင်းလှသော ရင်ဂိုမှ လွဲ၍ လူတိုင်း ပါဝင် သီဆိုခွင့် ရရှိခဲ့ကြသည်။ အယ်လ်ဘမ်အား ဖြန့်ချိလိုက်သည်နှင့် အရောင်းစာရင်းများ၏ နံပါတ် တစ်နေရာသို့ ချက်ချင်း ရောက်ရှိသွားတော့၏။ ယင်းအယ်လ်ဘမ်၏ အလှ တရားတို့ကို အားပါးတရ ချီးမွမ်း ပြောဆို ဝေဖန်မှုများသာ နေရာတိုင်း၌ ကြားနေခဲ့ရသည်။

အဖွဲ့ အဆုံးသတ်သွားပြီဟူသော သတင်းစကားတို့မှာ ကမ္ဘာကြီး အား အုံ့ဩ မှင်တက်သွားစေသည်။ ဘီးတဲလ်စ်အဖွဲ့ကား ပြိုကွဲသွားပေပြီ။

အခန်း ၁၀

## လူတိုင်း တစ်ကိုယ်တော်အဖြစ်သို့

၁၉၇၀ ပြည့်နှစ်တွင် ဖြစ်သည်။ တေးဂီတဝိုင်း အဖြစ်ကား မရှိတော့ပေ။ သို့နှင့်တိုင် ဘီးတဲလ်စ်တို့သည် တေးဂီတပညာရှင်များ ဖြစ်နေကြဆဲ ဖြစ်ပြီး ပရိသတ်များလည်း ရှိနေကြဆဲ ဖြစ်၏။ ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့သည် တစ်ဦးတစ်ယောက်ချင်း ထင်ပေါ်ကျော်ကြားလျက် ရှိနေပေသည်။

ပေါလ်သည် မိသားစုနှင့်သာ အချိန်ကုန်လွန်လို၏။ ပေါလ်နှင့် ၁၉၆၉ ခုနှစ်တွင် ထိမ်းမြား လက်ထပ်လိုက်သော လင်ဒါတို့သည် စကော့တလန်၌ လယ်မြေတစ်ကွက် ဝယ်ယူခဲ့ကြသည်။ တိရစ္ဆာန် အခွင့်အရေးတို့ကိုလည်း ထုတ်ဖော် ပြောဆိုကြသည်။ အခြားသော မည်သည့် တေးဂီတပညာရှင်မျှ မပါရှိဘဲ တစ်ကိုယ်တော် အယ်လ်ဘမ်တစ်ချပ်ကိုလည်း ပေါလ်က ဖန်တီးခဲ့သည်။ ဂစ်တာ၊ ဒရမ်နှင့် စန္ဒရား အပါအဝင် တူရိယာပစ္စည်း အမျိုးမျိုးတို့ကို သူ့ဘာသာသူ တီးခတ်ခဲ့သည်။ များမကြာမီတွင် 'ဝင်းဂ်စ်' အမည်ရှိ တေးဂီတဝိုင်း တစ်ဝိုင်းကို တည်ထောင်ကာ သူ့အမြဲတစေ ချစ်မြတ်နိုးခဲ့သည့် တေးဂီတ ဖျော်ဖြေပွဲများအား ပြန်လည် တီးခတ် ဖျော်ဖြေခဲ့သည်။ ဓာတ်ပုံဆရာမတစ်ဦးဖြစ်သူ ဇနီးသည် လင်ဒါအားလည်း ဂီတဝိုင်းအတွက် ကီးဘုတ်တီးခတ်ပုံကို သင်ကြား ပြသပေးခဲ့သည်။ ထိုနည်းအားဖြင့် ၎င်းတို့နှစ်ဦး လက်တွဲဖြုတ်စရာ အကြောင်းမရှိတော့ပေ။

ဂျော့နှင့် ရင်ဂိုတို့သည်လည်း တေးဂီတများ ဖန်တီးကာ အလုပ်ရှုပ်လျက် ရှိသည်။ ဘီးတဲလ်စ်ကာလက ပေါလ်နှင့် ဂျွန်တို့သည် အမြဲတစေ ဦးဆောင် တေးရေးသူများ ဖြစ်ခဲ့ကြ၏။ ဂျော့နှင့် ရင်ဂိုတို့မှာ များများစားစား သီဆိုခွင့် မရကြပေ။ ယခုတော့မူ သူတို့နှစ်ဦးလည်း ကိုယ်ပိုင် အယ်လ်ဘမ်တို့အား ဖန်တီးနိုင်ကြပေပြီ။ ဂျော့သည် သူ၏ အယ်လ်ဘမ်



အတွက် အသံသွင်းယူရန် တေးသီချင်းပေါင်း မြောက်မြားစွာအား သိမ်းဆည်းထားခဲ့သည်။ ဘီးတဲလ်စ်တို့၏ ပထမဆုံးသော အယ်လ်ဘမ် ဖြန့်ချိခြင်း မပြုရသေးမီကထက်ပင် စောစီးစွာကတည်းက သိမ်းဆည်းထားခဲ့ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ဖြန့်ချိခဲ့သော **'My Sweet Lord'** တေးသီချင်းသည် ဘီးတဲလ်စ်တို့ထဲမှ ပထမဆုံး ပေါက်သွားသော တစ်ကိုယ်တော် အနုပညာရှင် ဖြစ်စေခဲ့၏။ အကူအညီများစွာ လိုအပ်လျက်ရှိသော လူထုအားလည်း ဂျော့က ဂရုတစိုက်ရှိသူ ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အစာရေစာ ငတ်မွတ် ခေါင်းပါးလျက်ရှိသော ကလေးငယ်များအတွက် ရန်ပုံငွေ မတည်ရန် ဂီတဖျော်ဖြေပွဲကြီးတစ်ပွဲကို ဂျော့က ဦးဆောင်စီစဉ်ခဲ့သည်။ မွန်တီ ပိုင်သွန်၏ **'Life of Brian'** အပါအဝင် ရုပ်ရှင်ဇာတ်ကားများလည်း ထုတ်လုပ်ခဲ့သည်။

ဂျော့အနေဖြင့် လုံးဝ မပြောင်းလဲသော ကိစ္စတစ်ရပ်မှာ ထင်ပေါ်ကျော်ကြားမှုအား ဂရုမထားခြင်းပင် ဖြစ်သည်။ ရှက်ရွံ့နေတတ်ဆဲ ဖြစ်၏။ ခရီးလှည့်လည် ဖျော်ဖြေပွဲများ သွားရောက်သည့်တိုင် စင်မြင့်ထက်

သို့ တက်ရမည်ကို စိုးကြောက်နေဆဲ ဖြစ်သည်။ လူထုပရိသတ်ကြား၌ တီးခတ် ဖျော်ဖြေပေးရန်အတွက် အမြဲတစေ နှစ်သိမ့်ပေးနေရဆဲ ဖြစ်သည်။ သူ၏ ဒုတိယမြောက် ဇနီးသည် အိုလီဗီယာ၊ သားငယ် ဒါနီတို့နှင့် အတူနေထိုင်ရန်အတွက် အခန်းပေါင်းတစ်ရာ ပါရှိသည့် အိမ်ကြီးတစ်ဆောင်အားလည်း ဝယ်ယူဖြစ်ခဲ့သည်။ မိသားစု တသီးတသန့် နေထိုင်နိုင်ရေးအတွက် အိမ်ကြီးပတ်လည်တွင် ခြံစည်းရိုး အမြင့်ကြီးအား ကာရံထားခဲ့သည်။ ယင်းစည်းရိုးတို့သည် သူစိမ်းများ မဝင်ရောက်နိုင်ရေးအတွက် အမြဲတစေ ဟန့်တားထားနိုင်ခြင်း မရှိပေ။ ၁၉၉၉ ခုနှစ်တွင် အိမ်ကြီးအတွင်းသို့ လူတစ်ဦး ချိုးဖောက် ဝင်ရောက်လာခဲ့ဖူးသည်။ ဂျော့သည် ဓားဖြင့်ထိုးခြင်း ခံခဲ့ရပြီး ပြန်လည် ကျန်းမာလာခဲ့သည်။ ချိုးဖောက် ဝင်ရောက်လာသူမှာ ဖမ်းဆီးခြင်း ခံခဲ့ရ၏။

ရင်ဂိုကား ဂျော့ကဲ့သို့ အောင်မြင်သည့် ဂီတပညာရှင်တစ်ဦး ဖြစ်မလာခဲ့ပေ။ သို့သော် ရင်ဂိုသည်လည်း အောင်မြင်နေဆဲ ဖြစ်၏။ သူ၏ ဟာသများအား လူထုပရိသတ်တို့က အမြဲတစေ ရယ်မောမိကြခြင်းကြောင့်



ပါတီပွဲများသို့ ဖိတ်ကြားခြင်း ခံရပြီး တေးဂီတ ဖျော်ဖြေပွဲများ၌ ပါဝင် ဖျော်ဖြေပေးပါရန် မေတ္တာရပ်ခံခြင်း ခံရလေ့ရှိ၏။ သူနှင့်အတူ တွဲဖက် တီးခတ်သူတို့နှင့် အငြင်းအခုံ ဖြစ်ရမည်ကို လုံးဝ မလိုလားပေ။ ရင်ဂိုသည် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်လာခဲ့သည်။ ရင်ဂိုသည် တေးသီချင်း ဆိုပုံဆိုပေါက် ကောင်းလှသူ မဟုတ်ပေ။ စကား အပြောအဆိုကောင်းခြင်းကြောင့် အထူးသဖြင့် လူငယ်ပရိသတ်တို့အတွက် ဖျော်ဖြေတင်ဆက်မှု ကောင်းလွန်းနေပေသည်။

ရင်ဂိုသည် ရေပန်းစား လူကြိုက်များသော ရုပ်မြင်သံကြား ကလေးအစီအစဉ်တစ်ခုဖြစ်သည့် 'Thomas the Tank Engine' တွင် နောက်ခံစကားပြောကြားပေးခဲ့ပြီး မစ္စတာ ကွန်ဒပ်တာ အဖြစ်လည်း ပါဝင် သရုပ်ဆောင်ခဲ့သည်။

၁၉၇၃ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်တို့တွင် 'Photograph' နှင့် 'You're Sixteen' တေးများဖြင့်လည်း နံပါတ်တစ်အဆင့် ရောက်အောင် ပေါက်သွားခဲ့သည်။ သူ၏ အောလ်စတား တေးဂီတအဖွဲ့နှင့်အတူ ခရီးလှည့်လည်ဖျော်ဖြေနေခဲ့ပြီး အယ်လ်ဘမ်အသစ်များလည်း ဖန်တီးနေဆဲ ဖြစ်သည်။

ဘီးတဲလ်စ်အဖွဲ့မှ လွတ်မြောက်သွားခြင်းအတွက် ဝမ်းမြောက်ဝမ်းသာအဖြစ်ဆုံးမှာ ဂျွန်ဟု ဆိုရပေမည်။ သူ၏ နိုင်ငံရေးအမြင်တို့သည် သူ့အတွက် အရေးပါ အရာရောက်လှပေသည်။ ဘီးတဲလ်စ် အဖွဲ့ဝင်တစ်ဦး မဟုတ်တော့သည့်အတွက် သူပြောလိုရာတို့အား ပြောနိုင်ပေပြီ။ ဂျွန်နှင့် ယိုကိုတို့သည် အမေရိကန်ပြည်ထောင်စုသို့ ကြောခဏ သွားရောက် လည်ပတ်






တတ်ကြသည်။ ဗီယက်နမ်စစ်ပွဲအား ဆန့်ကျင်ကြောင်း ထုတ်ဖော် ပြောဆိုသောအခါ လူထုပရိသတ်တို့က နားထောင်ကြသည်။ 'Give Peace a Chance' ဟု ခေါင်းစဉ်တပ်ထားသော၊ လုပ်သည့် စစ်ဆန့်ကျင်ရေး တေးသီချင်းတစ်ပုဒ်ကိုလည်း အသံသွင်းယူခဲ့သည်။ ဆန့်ကျင် ကန့်ကွက် ဆန္ဒပြပွဲများတွင်လည်း ဂျွန်နှင့် ယိုကိုတို့ ပါဝင် ဆင်နွှဲခဲ့ကြပြီး စစ်ပွဲ အဆုံးသတ်သင့်ကြောင်း ၎င်းတို့ အယူအဆများအားလည်း ရှင်းလင်း တင်ပြခဲ့ကြသည်။ လူစုလူဝေးကြီးအဖြစ် စုဝေးခြင်း (be - in) အစား အိပ်ရာထဲ၌နေခြင်း (bed - in) ဟူ၍လည်း ကျင်းပခဲ့ကြသည်။ ကန့်ကွက် ဆန္ဒပြသည့်အနေဖြင့် ညဝတ်အင်္ကျီတို့အား ဝတ်ဆင်၍ ရှစ်ရက်တိုင်တိုင် အိပ်ရာထဲ၌သာ နေထိုင်ကြခြင်း ဖြစ်သည်။ ဆိုင်းဘုတ်ကြီးများအား ငှားရမ်းကာ 'ဖြစ်ချင်သပဆိုရင်၊ စစ်ကြီးပြီးပြီပေါ့' ဟုလည်း ရေးသား ပြောဆိုခဲ့ကြသည်။

အမေရိကန်အစိုးရအနေဖြင့် ယင်းသို့ လုပ်ဆောင်နေခြင်းအား စိတ်မချမ်းမမြေ့ ဖြစ်ကြရ၏။ မြောက်ကာယ်ရိုလိုင်းနားပြည်နယ်မှ ဥပဒေပြုအထက်လွှတ်တော်အမတ် စထရွန်မ် သာမွန်ဒ်က ဂျွန်အား နိုင်ငံမှပင် မောင်း

ထုတ်ပစ်လိုခဲ့၏။ အက်ဖ်ဘီအိုင်ကလည်း ဂျွန်နောက်သို့ တကောက်ကောက် လိုက်ကာ သူလုပ်ဆောင်သမျှတို့အား စောင့်ကြည့်နေခဲ့သည်။

ဂျွန်ကား အင်္ဂလန်သို့ ပြန်သွားပါမည်လော။ မပြန်ပါချေ။ ဂျွန်နှင့် ယိုကိုတို့သည် ၁၉၇၁ ခုနှစ်၌ အမေရိကန်ပြည်ထောင်စုသို့ အပြီးတိုင် ပြောင်းရွှေ့ခဲ့ကြပြီး ဖြစ်သည်။ နယူးယောက် မြို့တော်တွင် အကျော်ကြားဆုံးသော အဆောက်အအုံဖြစ်သည့် ဒါကိုတာ၌ တိုက်ခန်းတစ်ခန်းအား ဝယ်ယူခဲ့ကြသည်။ ဂျွန်၏ ကျန်ရှိသော ဘဝတစ်လျှောက်လုံး နှစ်ဦး အတူနေထိုင်သွားကြရန်ပင် ဖြစ်သည်။

ဂျွန်၊ ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့သည် ဤသို့ တသီးတသန့် နေထိုင်လျက် ရှိကြသည့်တိုင် မေးခွန်းကြီးတစ်ခုကား ကျန်ရစ်နေဆဲ ဖြစ်သည်။ မည်သည့်ကာလတွင် ဘီးတဲလ်စ်တို့ ပြန်လည် ပေါင်းစည်းကြမည်နည်း ဟူသော မေးခွန်းပင် ဖြစ်သည်။

လုံးဝ ဖြစ်လာမည်မဟုတ်ဟု ဂျွန်က အဖြေပေးခဲ့သည်။ ၎င်းတို့ အနက် အချို့မှာ အလုပ် အတူတွဲလုပ်နေကြသည့်တိုင် လေးဦးသား တစ်ချိန် တစ်နေရာတည်း၌ လုံးဝ ဆုံတွေ့ကြတော့မည် မဟုတ်ပေ။ ဂျော့သည် ဂျွန်နှင့် ရင်ဂိုတို့၏ အယ်လ်ဘမ်များ၌ ပါဝင် တီးခတ်ပေးခဲ့၏။ ရင်ဂိုကလည်း ဂျွန်၊ ပေါလ်နှင့် ဂျော့တို့၏ အယ်လ်ဘမ်အသီးသီးတို့၌ ပါဝင် တီးခတ်ပေး ခဲ့သည်။ ပေါလ်ကလည်း ဂျော့နှင့် ရင်ဂိုတို့၏ အယ်လ်ဘမ်များ၌ ပါဝင် တီး ခတ်ပေးခဲ့သည်။ ထို့နည်းတူ ဂျွန်ကလည်း ဂျော့နှင့် ရင်ဂိုတို့၏ အယ်လ်ဘမ် များတွင် ပါဝင် တီးခတ်ပေးခဲ့သည်။

အဘယ်အကြောင်းကြောင့် ပြန်လည် ပေါင်းစည်း၍ မရနိုင်ပါသနည်း။ အဓိကအချက်မှာ ဂျွန်နှင့် ပေါလ်တို့သည် တစ်ဦးနှင့်တစ်ဦး ကြည့်မရလောက် အောင် ဖြစ်လွန်းနေကြခြင်းပင် ဖြစ်သည်။

ဘီးတဲလ်စ် ပြိုကွဲသွားပြီးနောက် ဂျွန်နှင့် ပေါလ်တို့သည် ထိနိုက် နာကျင်ဖွယ် အကြောင်းအရာများအား တစ်ဦးနှင့်တစ်ဦး လူသိရှင်ကြား ထုတ်ဖော် ပြောဆိုခဲ့ကြသည်။ 'How Do You Sleep?' အမည်ရှိ ပေါလ်၏ တေးဂီတသစ်အား ဂျွန်က သရော် လှောင်ပြောင်ခဲ့၏။

အဖွဲ့ ပြိုကွဲပြီးနောက် နှစ်နှစ်အကြာ ၁၉၇၂ ခုနှစ်တွင် ဂျွန်နှင့် ပေါလ် တို့ စကားစမြည် ပြန်လည် ပြောဆိုကြသည်။ တစ်ညလည်း အတူတကွ ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ်အတွင်း စနေနေ့ ညတစ်ည



ဖြစ်ပြီး နယူးယောက်မြို့တော်သို့ ပေါလ် ရောက်ရှိလာချိန် ဖြစ်သည်။ ပေါလ်သည် ဂျွန်၏ တိုက်ခန်းသို့ သွားရောက်ခဲ့ပြီး ရုပ်သံအစီအစဉ် အချို့တို့အား ကြည့်ရှုနေကြသည်။ 'စနေနေ့ည တိုက်ရိုက်ထုတ်လွှင့်မှု' ဟူသော ဟာဒယရွှင်ဆေး အစီအစဉ်အား ထုတ်လွှင့်ပြသလျက် ရှိသည်။ ထူးထူးဆန်းဆန်းပင် ယင်းအစီအစဉ်အတွက် ဘီးတဲလ်စ်တို့ ပြန်လည် ပေါင်းစည်းကြပါက ဒေါ်လာ တစ်ထောင် ပေးမည်ဖြစ်ကြောင်း အစီအစဉ် ထုတ်လွှင့်သူတို့က ကမ်းလှမ်းခဲ့ကြသည်။ ရယ်စရာ ဟာသတစ်ခုအနေဖြင့် ပြောဆိုလိုက်ခြင်းလည်း ဖြစ်သည်။

ဘီးတဲလ်စ်တို့အနေဖြင့် အတူတကွ ပြန်လည် တီးခတ် သီဆိုကြလျှင် ဒေါ်လာ တစ်သန်းကျော် ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းထားကြပြီးဖြစ်ရာ ပရိသတ်တို့က ရယ်မောကြသည်။ စတူဒီယိုသို့ သွားရောက်ကာ လူလုံးပြလိုက်ကြလျှင် ပျော်စရာကောင်းမည်ဖြစ်ပြီး လူတိုင်းလည်း အံ့အားသင့်သွားကြမည်ဟု ပေါလ်နှင့် ဂျွန်တို့က ယူဆလိုက်ကြသည်။ ပျော်ပြေပွဲ ပြီးသည့်နောက် ဂျွန်၏ တိုက်ခန်း၌သာ နေထိုင်ခဲ့ကြ၏။ သို့သော် နောက်တစ်ကြိမ် အတူတကွ သီဆိုကြလျှင် ကောင်းလိမ့်မည်ဟု ပရိသတ်တို့က ပြောဆိုနေကြဆဲ ဖြစ်၏။

အခန်း ၁၁

## ဝမ်းနည်းကြေကွဲဖွယ် အကောင်းဆုံးနေ့

၁၉၇၀ ပြည့်နှစ်များ၏ နှစ်လယ်ပိုင်းတွင် ဂျွန် လင်နွန်သည် အခြားသော ဘီးတဲလ်စ်တို့ထက် ပို၍ ကမ္ဘာကျော်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေဆဲပင်။ သူပျော်ရွှင်နေပါသလော။ မပျော်ပိုက်ပါချေ။

အသက် သုံးဆယ်ဝန်းကျင်အရွယ်သာ ရှိသေးခြင်းကြောင့် လူငယ်တစ်ယောက် ဖြစ်နေဆဲ ဖြစ်သည်။ သူလုပ်ကိုင်နေသမျှတို့အားလည်း ပရိသတ်တို့က အာရုံစိုက်နေကြဆဲ ဖြစ်သည်။ နေအိမ်၌ နေထိုင်နေသည့်တိုင် သက်သောင့်သက်သာရှိဟန် မရှိပေ။ ယိုကို အိုနိုနှင့် အိမ်ထောင်ရေးမှာလည်း ပြိုကွဲသွား၏။ ပထမအိမ်ထောင်နှင့် ကွာရှင်း ပြတ်စဲခဲ့ဖူးသည့်တိုင် ယိုကိုနှင့် ကွာရှင်းပြတ်စဲရမည်ကို ဂျွန်က စိုးရွံ့လျက် ရှိသည်။ နောက်ဆုံး၌ လက်ရှိနေအိမ်မှ ပြောင်းရွှေ့ကြရန် ယိုကိုက မေတ္တာရပ်ခံလိုက်သည်။ သဘောတူလိုက်သည့်တိုင် ဂျွန်က ပြောင်းရွှေ့လိုခြင်း မရှိပေ။ ဂျွန်သည် အရက်သေစာတို့ကို အလွန်အကျွံ စတင် သောက်သုံးလာ၏။ မူးယစ်ဆေးဝါးတို့အားလည်း သုံးစွဲလာသည်။ ပါတီပွဲများသို့ချည်း သွားရောက်လိုသူတို့နှင့်သာ စတင် အချိန်ဖြုန်းလာသည်။ ရန်ပွဲများလည်း ဆင်နွှဲလာ၏။ သူ၏ တေးဂီတပိုင်းမှာ ထိခိုက် ပျက်ယွင်းလာတော့သည်။

ယိုကိုသည် အခြေအနေတို့အား ပြန်လည် သုံးသပ်ကာ အိမ်သို့ ပြန်လာရန် ဂျွန်အား မေတ္တာရပ်ခံခဲ့သည်။ လပေါင်း အနည်းအကျဉ်းမျှ ကြာပြီးနောက် ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း ယိုကိုက ဂျွန်အား ပြောပြခဲ့သည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် ရှောင် အမည်ရှိ သားရင်သွေးလေး မွေးဖွားလာခဲ့သည်။



၁၉၆၃ ခုနှစ်၌ ဂျွန်၏ သားဦးလေး ဂျူလီယန် မွေးဖွားချိန်က ဂျွန်သည် ခရီးလှည့်လည် ဖျော်ဖြေပွဲ အမြောက်အမြား လှည့်လည် ဖျော်ဖြေနေချိန် ဖြစ်သည်။ ဤတစ်ကြိမ်၌မူ အသွင်အပြင် ကွဲပြားသော ဖခင်ဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ဂျွန်သည် ရှောင်နှင့်သော အိမ်၌ နေလိုလျက် ရှိ၏။ ကလေး ခါးတောင်းကျိုက် ပိတ်စအား မည်သို့မည်ပုံ လဲလှယ်ရကြောင်း လေ့လာ သင်ယူနေခဲ့၏။ သူ့ရင်သွေးလေး၏ ပထမဆုံးသော ခြေလှမ်း လေးများ စတင် လှမ်းလျှောက်ပုံကို ကြည့်ရှု လိုခဲ့သည်။ 'ခုတော့ ကျွန်တော့်ရဲ့ အကြီးမား ဆုံးသော တာဝန်ဟာ မိသားစုပါပဲ'ဟု သတင်းထောက်များအား ဂျွန်က ပြောဆိုခဲ့ဖူးသည်။

သူ့အတွက် ဂီတလောကမှ အနားယူတော့မည်ဟူသော အစီအစဉ်ပင် ဖြစ်သည်။ ရှောင် ကလေးဘဝမှာပင် အယ်လ်ဘမ်တစ်ချပ်မျှ အသံသွင်းယူခြင်း မပြုတော့သကဲ့သို့ ဖျော်ဖြေပွဲ တစ်ခုတလေတွင်မျှ သီဆိုဖျော်ဖြေခြင်း မပြုတော့ပေ။ မနက်ခင်း၌ ရှောင် အိပ်ရာမှ ထသည်နှင့် သူလည်း အိပ်ရာမှ ထသည်။ ရှောင်အား အဝတ်အစား လဲလှယ်ပေးပြီး တစ်နေ့တာလုံး အတူဆော့ကစားနေတော့သည်။ အချက်အပြုတ်တို့ကိုလည်း ဂျွန်က လေ့လာ သင်ယူခဲ့၏။ ပထဆုံး ပေါင်မုန့်ဖုတ်သည့် အတွေ့အကြုံအား ပြောပြရန်အတွက် သူ၏ ညီမဝမ်းကွဲထံသို့ တယ်လီဖုန်း ဆက်ခဲ့သည်။ သူ၏ အကျင့်ဆိုးတို့အားလည်း ဓားနှင့် ဖြတ်ထုတ်လိုက်သကဲ့သို့ ဖြတ်တောက်ပစ်ရန် အားထုတ်ခဲ့သည်။

ငါးနှစ်တာ ကာလပတ်လုံး ဂျွန်သည် အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ပေ။ တေးဂီတသည် သူ၏ စိတ်ထဲ၌ ခိုအောင်းနေဆဲ ဖြစ်၏။ တေးသီချင်း အသစ်တစ်ပုဒ်သည် သူ့ခေါင်းထဲ၌ စွဲမြဲလျက် ရှိ၏။ မေ့ပျောက်ပစ်လိုခြင်း မရှိသောကြောင့် စန္ဒရားခုံတွင် ထိုင်ကာ တီးခတ်၍ တိပ်ရီကော်ဒါ အသေးလေးဖြင့် အသံသွင်းယူလိုက်သည်။ ထို့နောက် ယင်းတိပ်ခွေအား အဝေးတစ်နေရာ၌ သိမ်းဆည်းထားလိုက်တော့သည်။

အခြားသော တေးဂီတပညာရှင်များ အပါအဝင် ပရိသတ် အတော်
များများတို့က ဖျော်ဖြေပွဲများ၌ ပြန်လည် တီးခတ် သီဆိုရန် သို့မဟုတ်
အသံသွင်းယူရန် တိုက်တွန်းခဲ့ကြသည်။ ဘာမျှမလုပ်တော့ဟုသာ ဂျွန်က
ပြောဆိုနေခဲ့၏။ သို့သော် မမျှော်လင့်ဘဲ ရုတ်တရက် စိတ်ပြောင်းသွားခဲ့
ပြန်သည်။ ငွေကြေး လိုအပ်ချက်ကြောင့် မဟုတ်ပေ။ သူကား ကြွယ်ဝချမ်း
သာသူ ဖြစ်သည်။ ဘာကိုမျှလည်း ဂရုစိုက်စရာ မရှိပေ။ သူကား အလျှံ
ပယ် ရှိနေပြီးသူ ဖြစ်သည်။

ဂီတလောကသို့ ပြန်လည် ဝင်ရောက်ရန်အတွက် စိတ်ပိုင်းဖြတ်လိုက်
ခြင်း အကြောင်းရင်းတစ်ရပ်သာ ရှိသည်။ တေးဂီတ ဖန်တီးခြင်းကို ချစ်
မြတ်နိုးခြင်းကြောင့်သာ ဖြစ်သည်။ တေးဂီတသည် သူ့ဘဝ၏ အစိတ်
အပိုင်းတစ်ရပ်ဖြစ်ကြောင်း ငြင်းဆန်ခြင်း မပြုခဲ့ပေ။ ရှောင်သည်လည်း
အသက်ငါးနှစ် ပြည့်ပြီဖြစ်ပြီး ကျောင်းစတက်ရန် အဆင်သင့် ဖြစ်နေပြီ
ဖြစ်ရာ ဂျွန်သည်လည်း အလုပ် ပြန်လုပ်ရန်သာ ရှိတော့၏။

မည်သည့် အသံသွင်းစတူဒီယိုနှင့်မျှ စာချုပ် ချုပ်ဆိုခြင်း မရှိပေ။



ဖျော်ဖြေပွဲကြီးလည်း ကျင်းပခြင်း မရှိပေ။
ကနဦး၌ အလေ့အကျင့်ဖြစ်ရန် လိုအပ်
လျက် ရှိ၏။ သူ၏ စန္ဒရားထက်၌ တိပ်ရီ
ကော်ဒါတစ်လုံးကို တင်ကာ တေးသီချင်း
အကြမ်းထည်တို့ကို ရေးစပ် တီးခတ်နေခဲ့
သည်။ များမကြာမီတွင် အယ်လ်ဘမ် တစ်
ချပ်စာအတွက် အတိုင်းအတာ တစ်ခုထိ
ပင် ကျော်လွန်လျက်ရှိသော တေးသီချင်း
များ ရရှိလာခဲ့သည်။

နောက်တစ်ဆင့်မှာ အယ်လ်ဘမ်တစ်ချပ် ဖန်တီးရန်ပင် ဖြစ်သည်။
ဂျွန်သည် အသံသွင်းခြင်းကို စတင် လုပ်ဆောင်ပြီး ပရိသတ်တို့အနေဖြင့်
စိတ်အနှောင့်အယှက် ဖြစ်ကြမည်မှန်း သိရှိသည့်တိုင် အချို့သော တေး
သီချင်းများအား အတူတကွ သီဆိုပေးပါရန် ယိုကိုအားလည်း မေတ္တာရပ်
ခံခဲ့သည်။ သူတို့၏ အယ်လ်ဘမ်အား 'Double Fantasy' ဟု ဂျွန်က အမည်
ပေးလိုက်သည်။ 'Watching the Wheels' နှင့် '(Just Like) Starting Over'
အစရှိသော ဂျွန် အသံသွင်းယူခဲ့သည့် တေးသီချင်းများမှာ ဂီတလောကမှ

ခဏာတာ အနားယူသည့်အကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ရှောင်အကြောင်း ရေးဖွဲ့ထားသော တေးသီချင်းမှာ 'Beautiful Boy' ဖြစ်ပြီး ယိုကိုအကြောင်း ရေးဖွဲ့ထားသော တေးသီချင်းမှာ 'Woman' ဟူ၍ ဖြစ်သည်။

ယင်းအယ်လ်ဘမ်သည် ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်တွင် ထွက်ရှိခဲ့ပြီး အကြီးအကျယ် အောင်မြင်မှု ရရှိခဲ့သည်။ ရက်သတ္တပတ် နှစ်ပတ်အတွင်း၌ ချပ်ရေပေါင်း ငါးသိန်း ရောင်းချခဲ့ရသည်။ ဂျွန်သည် စိတ်လှုပ်ရှား တက်ကြွလျက်ရှိပြီး နောက်ထပ် တေးဂီတများ ဖန်တီးရေးကို ရှေးရှု လုပ်ဆောင်လာခဲ့သည်။

ထို့နောက် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၈ ရက်တွင် မည်သူမျှ မထင်မှတ်ထားသော ဖြစ်ရပ်ကြီးတစ်ခု ဖြစ်ပွားလာတော့၏။

ထိုနေ့ ညနေခင်းတွင် ဂျွန်နှင့် ယိုကိုတို့သည် ဗဟိုပန်းခြံအနောက်ပိုင်းရှိ ၎င်းတို့၏ တိုက်ခန်းအပြင်ဘက်၌ လမ်းလျှောက်နေကြသည်။ မာ့ခ် ဒေးဗစ် ချန့်ပ်မန်း အမည်ရှိသူတစ်ဦးသည် ၎င်းတို့ထံသို့ ရောက်ရှိလာပြီး အယ်လ်ဘမ်၌ အမှတ်တရ လက်မှတ်ရေးထိုးပေးပါရန် ဂျွန်အား မေတ္တာရပ်ခံခဲ့သည်။ ပရိသတ်များအတွက် လက်မှတ်ရေးထိုးပေးရခြင်းမျိုးက ဂျွန်က သဘောကျသည်။ သို့သော် မာ့ခ် ဒေးဗစ် ချန့်ပ်မန်းကား အခြားသော ပရိသတ်တို့ကဲ့သို့ မဟုတ်ပေ။ သူကား စိတ်ဖောက်ပြန်နေသူ ဖြစ်၏။ ဂျွန် လင်နွန်အား ထိခိုက် နာကျင်အောင် လုပ်ဆောင်ရန် စေခိုင်းသည့် အသံတို့အား ခေါင်းထဲတွင် ကြားယောင်နေခဲ့သူ ဖြစ်သည်။



ထိုနေ့ ညနေခင်း၌ ချန့်ပ်မန်း ပြန်သွားသည်။ ဒါကိုတာ ဝင်ပေါက်အနီး၌ စောင့်ဆိုင်းနေခဲ့သည်။ ဂျွန်နှင့် ယိုကိုတို့ အိမ်သို့ ပြန်ရောက်သောအခါ 'မစ္စတာ

လင်နွန်ရေ့ပ်ဟု ချန်ပ်မန်းက ဟစ်အော်လိုက်၏။ ထို့နောက် သေနတ်တစ်လက်ကို ဆွဲထုတ်ကာ ပစ်ခတ်လိုက်တော့သည်။ အကြမ်းဖက်မှုကို မုန်းတီး ရွံရှာပြီး သေနတ်များ အသုံးပြုမှုကို အယုံအကြည်မရှိသော ဂျွန် လင်နွန်သည် မြေပြင်ထက်သို့ လဲကျသွားတော့၏။ များမကြာမီတွင် ကွယ်လွန်သွားခဲ့ရသည်။ ဂျွန်ကား အသက်လေးဆယ်အရွယ်သာ ရှိသေးသည်။



ကမ္ဘာကြီးတစ်ခုလုံး အံ့သြ မှင်တက်သွားမိကြသည်။

မြို့တော်တစ်ဝန်းမှ နယူးယောက် မြို့တော်သူမြို့တော်သားတို့သည် ဂျွန်၏ အိမ်အပြင်ဘက်၌ ရပ်တန့် စောင့်ဆိုင်းနေကြ၏။ အချို့တို့မှာ ညဝတ်အင်္ကျီတို့သာ ဝတ်ဆင်ထားကြပြီး ငိုကြွေး မြည်တမ်းနေကြ၏။ ပန်းများအားလည်း ထားရစ်ခဲ့ကြသည်။ အချင်းချင်း မသိရှိကြသည့်တိုင် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ထားကြသည်။ ဂျွန်၏ တေးသီချင်းတို့အားလည်း သီဆို ဟစ်ကြွေးနေကြသည်။

ခြောက်ရက်ကြာပြီးနောက် လူပေါင်းတစ်သိန်းကျော်တို့သည် ဗဟိုပန်းခြံသို့ စုဝေး ရောက်ရှိလာကြသည်။ ဆယ်မိနစ်ကြာ ငြိမ်သက် တိတ်ဆိတ်သွားသည်။ ဂျွန်၏ 'Imagine' တေးသီချင်းမှာ လော်စပီကာများမှ လွှင့်ပျံ့လာသည်။ ယင်းတေးသီချင်းကား သူ၏ ငြိမ်းချမ်းရေး အိပ်မက်ပင် ဖြစ်သည်။ 'လူတွေအားလုံး စိတ်ကူးထဲ မြင်ယောင်ကြည့်၊ ငြိမ်းငြိမ်းချမ်းချမ်း အသက်ရှင် နေထိုင်ရတဲ့ဘဝ'။

ဂျွန် ကွယ်လွန်သွားခြင်းမှာ တုန်လှုပ် ချောက်ချားဖွယ် ကောင်းသော ဖြစ်ရပ်ဆိုးကြီးတစ်ခုပင် ဖြစ်သည်။ သို့သော် သူ၏ ရပ်တည်ချက်တို့ကား အဆုံးသတ် မသွားသေးပေ။

သေနတ်ဖြင့် အကြမ်းဖက် တိုက်ခိုက်ခြင်းအား ရပ်တန့်ရန် စည်းရုံးလှုံ့ဆော်မှုတစ်ရပ်ကို ဂီတမိတ်ဆွေတစ်ဦးက စတင် လုပ်ဆောင်လိုက်သည်။ ယင်းသတင်းစကား ပျံ့နှံ့စေရေးအတွက် ကြော်ငြာများအား ယိုကိုက ဝယ်ယူခဲ့သည်။ ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခုတွင် သွေးများ စွန်းပေလျက်ရှိသည့် ဂျွန်၏ မျက်မှန်ရုပ်ပုံကို ယိုကိုက ထည့်သွင်း ဖော်ပြခဲ့သည်။ ဂျွန်၏ ဘဝ ဆုံးသွားသည့်တိုင် သူ၏ တေးဂီတတို့ကား အဆုံးသတ်မသွားပေ။



ဘီးတဲလ်စ်တစ်ဦး အနေဖြင့်သာ သတိတရ ဖြစ်နေကြခြင်း မဟုတ်ဘဲ ပိုမို ကောင်းမွန်သော လောကကြီး ဖြစ်ရေးအတွက် သူ၏ သံယောဇဉ်ကြီးမှု ကိုလည်း သတိတရ ဖြစ်နေကြသည်။ 'Imagine' တေးသီချင်းကား ငြိမ်း ချမ်းရေး တေးတစ်ပုဒ်အဖြစ် ယနေ့တိုင် ရှင်သန်နေဆဲ ဖြစ်သည်။ ထို့ကြောင့် လည်း ၉/၁၁ အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ရက်ပိုင်းမျှ သာ ရှိသေးချိန်တွင် ရုပ်မြင်သံကြား၌ ယင်းတေးသီချင်းအား သီဆိုရန် နေးလ် ယန်းက ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ဂျွန် ကွယ်လွန်ပြီးနောက် ဆယ့်ငါးနှစ် ကြာမြင့်သောအခါ အခြား သော ဘီးတဲလ်စ်သုံးဦးတို့ ပြန်လည် ဆုံတွေ့ခဲ့ကြသည်။ ရှောင် ကာလေး ဘဝက ဂျွန် ရေးသားခဲ့သည့် တေးသီချင်းတို့အား သတိတရ ရှိကြသေးပါ သလော။ ယိုကိုထံ၌ တိပ်ခွေ အကြမ်းထည်များ ရှိနေပေသည်။ တေးသီချင်း နှစ်ပုဒ်အား အသုံးပြုနိုင်ကြောင်းဖြင့် ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့အား ယိုကို က ပြောပြခဲ့သည်။ ဘီးတဲလ်စ်တို့သည် ဂျွန်၏ လက်ရာအား တူရိယာများ ဖြည့်သွင်း တီး ခတ်ကာ ၎င်းတို့၏ အသံဖြင့် သီဆိုခဲ့ကြ သည်။ ပထမဆုံး တေးသီချင်းဖြစ်သည့် 'Free As a Bird' မှာ ၁၉၉၆ ခုနှစ်တွင် ထွက်ရှိခဲ့ပြီး တေး ဂီတ အရောင်းစာရင်းတို့တွင် နံပါတ်တစ်နေရာသို့ ချက်ချင်း ရောက်ရှိသွားခဲ့သည်။



အချိန်များ ကုန်လွန် ဖြတ်သန်းသွားသည့်အတွင်း ပေါလ်၊ ဂျော့နှင့် ရင်ဂိုတို့သည် ကိုယ်ပိုင် အယ်လ်ဘမ်များ အသံသွင်းယူခြင်းနှင့် ဂီတဖျော် ဖြေပွဲများ တီးခတ် ဖျော်ဖြေခြင်းတို့ကို ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။ ထို့နောက် ဂျော့သည် သတင်းဆိုးများအား ထုတ်ဖော် ကြေညာခဲ့၏။ သူ ကား ကင်ဆာရောဂါ ခံစားနေရပေပြီ။ ဂျော့သည် ၂၀၀၁ ခုနှစ်တွင် ကွယ် လွန်သွားခဲ့၏။

သူ ကွယ်လွန်ပြီးနောက် တစ်နှစ်ကြာသောအခါ အမှတ်တရ ဂီတ ဖျော်ဖြေပွဲတစ်ခုကို လန်ဒန်ရှိ တော်ဝင်အဲလ်ဘတ် ခန်းမကြီး၌ ပေါလ်နှင့် ရင်ဂိုတို့က ကျင်းပခဲ့ကြသည်။ အခြားသော ထင်ပေါ် ကျော်ကြားသည့်



ဂီတပညာရှင်များ၊ ထိုအချိန်က အသက် နှစ်ဆယ့်လေးနှစ် ရှိပြီဖြစ်သော ဂျော့၏ သားဖြစ်သူ ဒါနီတို့နှင့်အတူ ဂျော့၏ တေးသီချင်းများအား တီးခတ် သီဆိုခဲ့ကြသည်။ ယင်းဖျော်ဖြေပွဲကား ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလွန်းလှ၏။ အားလုံး မြင်ကြည့်လျှင် ဂီတပညာရှင်တို့အနေဖြင့် ၎င်းတို့၏ သက်တမ်းအရင့်ဆုံးနှင့် အရင်းနှီးဆုံးသော မိတ်ဆွေများထဲမှ တစ်ဦးကို ဆုံးရှုံးလိုက်ရခြင်း ဖြစ်သည်။ သို့နှင့်တိုင် ဂီတပညာရှင်များသည် ဂျော့၏ တေးသီချင်းများအား ပျော်ပျော်ရွှင်ရွှင် တီးခတ် သီဆိုခဲ့ကြသည်။ ဖျော်ဖြေပွဲ ပြီးဆုံးချိန်၌ စင်မြင့်ထက်သို့ ပန်းပွင့်ဖတ်ပွင့်လွှာတို့ ဖြည်းဖြည်းချင်း လွင့်မြော ကျဆင်းလာခဲ့သည်။

ဘီးတဲလ်စ်တို့သည် ယနေ့ခေတ်အထိ ကမ္ဘာပေါ်၌ အကျော်ကြားဆုံးသော ဂီတဝိုင်းအဖြစ် တည်ရှိနေကြဆဲ ဖြစ်သည်။ အထင်ကရ လွမ်းတေး အဆိုတော်ကြီး ဖရန့်ခ် စီနာထရာမှသည် ယူတူးနှင့် အီးလီးယော့ထ် စမစ်သ် အစရှိသော ပေါ့ပ်ဂီတသမားများအထိ ၎င်းတို့၏ တေးသီချင်းများအား သီဆို အသံသွင်းယူခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဘီးတဲလ်စ်

တို့၏ အကျော်ကြားဆုံးသော လက်ရွေးစင် တေးသီချင်းများအား 'ဝ' ဟူသည့် အယ်လ်ဘမ် ထုတ်ဝေခဲ့ရာ တေးသီချင်းအသစ်များ မပါရှိသည့်တိုင် တေးဂီတ အရောင်းစာရင်းများ၌ ထိပ်တန်းနေရာသို့ ချက်ချင်း ရောက်ရှိသွားခဲ့သည်။

ဘီးတဲလ်စ်အဖွဲ့ကား မရှိတော့ပေ။ ဂျွန်လည်း ကွယ်လွန်ခဲ့ပေပြီ။ ဂျော့လည်း ကွယ်လွန်သွားခဲ့ပြန်လေပြီ။ သို့နှင့်တိုင် ဘီးတဲလ်စ်တို့၏ တေးဂီတကား ကျန်ရစ်နေဆဲ ဖြစ်သည်။ ယင်းတေးသီချင်းတို့ကား ထာဝရ ရှင်သန် ကျန်ရစ်နေမည် ဖြစ်ပါတော့သတည်း။